မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၄၃)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ် အားကစားဥယျာဉ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောင်ငံရပ်ရှိ မြစေတီ ပရိယတ္တိ စာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော် ဓမ္မာစရိယဝိနယ

စာမျက်နှာ ၃ ကော်လံ ၁ ❄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရွှေနတ်တောင်တပ်နယ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်



**ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**

စာ » ၁၅

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့ကျောင်းသား ဦးရေ ၂၅၆၈၁၈ ဦး တက်ရောက်ပညာသင်ကြား

စာ » ၁၀



မြန်မာ့အလင်း

# သန့်လေးသန့်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူတစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်မှုနှင့် ဉာဏ်ပညာက အရေးကြီးသည်။ ကျန်းမာရေးနှင့် ပြည့်စုံပြီး ပညာတတ်သူများကသာ တန်ဖိုးမြင့်မားသည့် လူ့အရင်းအမြစ်ဖြစ်သည်။ လူတိုင်းကျန်းမာစေရန်ဆိုသည်မှာ လူတိုင်းတွင် ကျန်းမာရေးအသိပညာတို့ မြင့်မြင့်မားမားရှိနေဖို့လည်း လိုအပ်သည်။ လူတို့၏ သဘောမှာ မိမိတွင် အနာရောဂါတစ်စုံတစ်ရာ မကျရောက်လာသေးသရွေ့၊ ကျန်းမာနေသရွေ့ ကာလပတ်လုံး ကျန်းမာရေးအသိပညာဆိုသည်ကို မေ့ထားလေ့ရှိသည်။ အမှန်မှာ ကျန်းမာရေးအသိပညာမြင့်မားသူက ရောဂါမဖြစ်ပွားမီ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းတို့ဖြင့် ရောဂါဝေဒနာတို့ကို ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

လူတို့၏ ပတ်ဝန်းကျင်တွင် ဗိုင်းရပ်စ်၊ ဗက်တီးရီးယားနှင့် ကပ်ပါးပိုးများ စသည့်ရောဂါပိုးများ သန်းပေါင်းများစွာတို့ ရှိနေသည်။ ပတ်ဝန်းကျင်ဟုဆိုရာတွင် နေထိုင်ရာအိမ်အနီးဝန်းကျင်ကို ဆိုလိုသည်မဟုတ်ဘဲ လူ့ခန္ဓာကိုယ်နှင့် ထိတွေ့မိသမျှ၊ ကိုင်တွယ်မိသမျှသော နေရာများအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အဆိုပါရောဂါပိုးများက နည်းလမ်းအမျိုးမျိုးဖြင့် လူ့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပါက ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်နိုင်သည်။ ရောဂါပိုးများကာကွယ်ရန် နည်းလမ်းအမျိုးမျိုးရှိရာတွင် လက်ကိုစင်ကြယ်အောင် ဆေးကြောခြင်းက ကူးစက်ရောဂါများစွာတို့ကို ကာကွယ်နိုင်သည်။ ဝမ်းပျက်၊ ဝမ်းလျှော၊ အီဘိုလာ၊ ကြက်ငှက်တုပ်ကွေး၊ မားစ်၊ ကူးစက်မြန် ဦးနှောက်အမြှေးရောင်၊ အသည်းရောင်အသားဝါ၊ ရာသီတုပ်ကွေး အစရှိသည့် ကူးစက်ရောဂါများမှာ လက်ကိုစနစ်တကျ စင်ကြယ်စွာ ဆေးကြောခြင်းဖြင့် မကူးစက်အောင် ကာကွယ်နိုင်သည်။

လက်ကို မည်ကဲ့သို့ ဆေးကြောရမည်ကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ လူအတော်များများ သိရှိနေကြသော်လည်း လက်တွေ့ကျင့်သုံးမှုတွင် အားနည်းလျက်ရှိသေးသည်ကို တွေ့ရသည်။ လက်ကို ဆပ်ပြာနှင့်ရေသုံးစွဲ၍ စက္ကန့် ၂၀ ကြာအောင် သေသေချာချာ ပွတ်တိုက်ဆေးကြောရန်၊ လက်ဖဝါး၊ လက်ဖမိုး၊ လက်သည်းကြား၊ လက်မ၊ လက်ကောက်ဝတ်တို့ကို ဆပ်ပြာဖြင့် သေချာစွာ ပွတ်တိုက်ဆေးကြောရန်နှင့် လက်ကို ရေလောင်းဆေးကြောရန်ဖြစ်ပြီး ရေဇလုံတွင်နှစ်၍ မဆေးကြောရန်၊ တစ်ယောက်လက်ဆေးထားသောရေဖြင့် နောက်တစ်ယောက် ထပ်မဆေးရန် မှတ်သားထားကြဖို့လည်းလိုသည်။ အစာမစားမီနှင့် စားပြီးချိန်၊ အစားအစာမကိုင်တွယ်မီနှင့် မချက်ပြုတ်မီ၊ အိမ်သာမှ အထွက်တို့တွင်လည်းကောင်း၊ အညစ်အကြေး၊ အမှိုက်သရိုက်တို့ ကိုင်တွယ်ပြီးချိန်တွင်လည်းကောင်း အထက်ဖော်ပြပါ နည်းလမ်းဖြင့် လက်ကိုစင်ကြယ်အောင် ဆေးကြောကြရမည်ဖြစ်သည်။

လက်သန့်ခြင်း အရေးကြီးသကဲ့သို့ ရေသန့်ခြင်းကလည်း အရေးကြီးသည်။ ရောဂါပိုးပါသည့်ရေကို သောက်သုံးမိပါက ဝမ်းရောဂါ၊ အူရောင်ငန်းဖျား(တိုက်ဖွိုက်)ရောဂါ၊ အသည်းရောင်အသားဝါ၊ ပိုလီယို စသည့်ရောဂါများ ဖြစ်ပွားနိုင်သည်။ သို့ဖြစ်ရာ မိမိတို့ သောက်သုံးသောရေတွင် အနည်အမှုန် ကင်းစင်ရေး၊ အရောင်အဆင်း အနံ့အရသာကင်းရေး၊ ရောဂါပိုးမွှားကင်းစင်ရေး၊ ဓာတ်သတ္တုများပါဝင်သင့်သည့် ပမာဏထက်ပို၍ မပါရှိစေရေး သတိပြုကြရမည်ဖြစ်သည်။

နောက်ထပ်အရေးကြီးသည့် သန့်ရှင်းမှုမှာ အစားအစာသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဖြစ်သည်။ အစားအစာများ ယင်မနားအောင် ဖုံးအုပ်ခြင်း၊ အိုးခွက်ပန်းကန်များ သန့်ရှင်းစွာ ဆေးကြောထားရှိခြင်း၊ သန့်ရှင်းစွာချက်ပြုတ်ခြင်း၊ ပူပူနွေးနွေးစားသုံးခြင်းဖြင့် ရောဂါဘယကင်း၍ အာဟာရပြည့်ဝကြမည်ဖြစ်သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ယင်လုံအိမ်သာကို စနစ်တကျ သန့်ရှင်းစွာသုံးစွဲခြင်း၊ အိမ်အနီးဝန်းကျင်၌ ခြင်၊ ယင်၊ ကြွက်တို့ ခိုအောင်းခြင်းမရှိစေရန် ချုံနွယ်ပိတ်ပေါင်း အမှိုက်သရိုက်နှင့် ရေအိုင်များကို ရှင်းလင်းပြီး ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်းတို့ ဆောင်ရွက်ရန်လိုသည်။

ဆိုခဲ့ပြီးသည့် လက်သန့်၊ ရေသန့်၊ အစားအစာသန့်၊ ပတ်ဝန်းကျင်သန့်ဟူသော သန့်လေးသန့်တို့ကို တစ်သက်တာလုံး စွဲမြဲစွာကျင့်သုံးခြင်းဖြင့် ရောဂါဘယတို့ ကင်းဝေးကာ ကျန်းမာသုခနှင့် ပြည့်စုံနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ်- ၁၉ ကာလအတွင်း ရပ်ဆိုင်းထားရသည့် သီပေါသီတဂူစက္ခုဒါနဆေးရုံ ပြန်လည်ဖွင့်လှစ်

**သီပေါ ဇွန် ၂**

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးကာလများအတွင်း မျက်စိခွဲစိတ်ကုသမှု ရပ်ဆိုင်းထားရသည့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိခွဲစိတ်စမ်းသပ်မှုလုပ်ငန်းများကို ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာမြတ်မုနိ ဘုရားကြီးကျောင်းတိုက်ပဓာနနာယက သီတဂူစက္ခုဒါန (သီပေါ) ဆေးရုံစီမံအုပ်ချုပ်သူ ဆရာတော် အရှင်ပညာသီရိက မိန့်ကြားသည်။

အဆိုပါ မျက်စိစမ်းသပ်ခွဲစိတ်မှုကို ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ စမ်းသပ်မှုကိုလည်းကောင်း၊ မျက်စိခွဲစိတ်မှုကို ဇွန် ၁၄ ရက်မှ ၁၆ ရက်အထိ လည်းကောင်း ကုသဆောင်ရွက်ပေးမည်ဖြစ်၍ မျက်စိဝေဒနာရှင်များ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၅၉၄ ပါး အနက် ၉၁၈၇ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၉၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ e-Government လုပ်ငန်းသင်တန်းဆင်း

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ e-Government Applied Training အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့တော်ဝန်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သင်တန်းသား ၂၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဆရာများ၊ သင်တန်းနည်းပြ သင်တန်းသူများ သင်တန်းသား တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

**မိုး/ဇလ**

# ပြည်ပငွေသုံးစွဲမှုများကို လျှော့ချရန်လို

ပြည်တွင်း ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှ ပြည်တွင်း၌အသုံးများသည့် ဆေးဝါးများ လုံလောက်အောင် ထုတ်လုပ်၍ ပြည်ပမှ ဆေးတင်သွင်းမှုများအား လျှော့ချနိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မော်လမြိုင်မြို့ မင်းရွာကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် မွန်ပြည်နယ် အားကစားဥယျာဉ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

- တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ပြည့်မီစွာဖြင့် တည်ဆောက်
- ရေကူးကန်အား အများပြည်သူ လွယ်ကူစွာလာရောက်နိုင်သည့် နေရာတွင် တည်ဆောက်နိုင်ရေးအတွက် မြို့တွင်း၌ မြေနေရာရှာဖွေဆောင်ရွက်
- အားကစားပြိုင်ပွဲ လာရောက်သူများ အဆင်ပြေစေရေး အတွက် ယာဉ်ရပ်နားသည့်နေရာများ ထည့်သွင်း တည်ဆောက်

*❊ ရှေ့ဖုံးမှ*

ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အား ဖူးမြော် ကြည်ညိုကာ သာသနာရေးဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက စုပေါင်းလှူဒါန်းသည့် ဆန်အိတ် ၂၀၀၊ ဆီ ပိဿာ ၃၀၀၊ ပဲ ပိဿာ ၃၀၀ နှင့် နဝကမ္မအလှူတော်ငွေများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး သာသနာရေးဆိုင်ရာဩဝါဒစကားများ မိန့်ကြားတော်မူသည်။

### ဖူးမြော်ကြည်ညို

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မေ ၃၁ ရက် ညပိုင်းတွင်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။

### လိုက်လံကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ အား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြ သည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်၍ စေတီတော်ရင်ပြင်ပေါ် တွင် နေပူခံကျောက်ပြားခင်းကျင်းထားသည့် အခြေအနေများ၊ ရှေးဟောင်းသမိုင်းဝင် သာသနာ့လက်ရာများကို ထိန်းသိမ်းထားရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုကြရာ ဂေါပက ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။

### ရှင်းလင်းတင်ပြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မင်းရွာကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် မွန်ပြည်နယ်၊ အားကစားဥယျာဉ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားဥယျာဉ်သို့လာရောက်သူများ သွားလာမှု အဆင်ပြေစေရန်အတွက်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
လမ်းတိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် တည်ဆောက်သွားရန်၊ ရေကူးကန်အားအများပြည်သူလွယ်ကူစွာ လာရောက်နိုင်သည့်နေရာတွင် တည်ဆောက်နိုင်ရေးအတွက် မြို့တွင်း၌ မြေနေရာ ရှာဖွေဆောင်ရွက်သွားရန်၊ အားကစားပြိုင်ပွဲလာရောက်သူများ အဆင်ပြေစေရေးအတွက် ယာဉ်ရပ်နားသည့်နေရာများ ထည့်သွင်းတည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။

### ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေနတ်တောင်တပ်နယ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အလေးထားလုပ်ဆောင်သွားရန်နှင့် အနာဂတ်တွင် ကျင်းပပြုလုပ်လာနိုင်သည့် အားကစားပွဲ၊ ချစ်ကြည်ရေးပွဲများကို ရည်မှန်း၍ မြေနေရာအသုံးချမှုများအား စနစ်တကျ တွက်ချက်ကာ အကျိုးရှိရှိအသုံးပြုသွားရန် လိုအပ်သည့် အခြေအနေများကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ မောင်ငံရပ်ရှိ မြစေတီပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော် ဓမ္မာစရိယ ဝိနယ ပါဠိ ပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကျောင်းသားကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေး



**တောင်ကြီး ဇွန် ၂**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် COVID-19 ရောဂါ ဖြစ်ပွားနေသောကြောင့် ကျောင်းများ တစ်နှစ် ပိတ်ထားခဲ့ရပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများကို မေလ ၂၅ ရက်နေ့မှစတင်၍ ကျောင်းအပ်လက်ခံပြီး ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ကာ သင်ခန်းစာများကို စတင်သင်ကြားပေးလျက် ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့သည် ဇွန် ၂ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများဖြစ်သည့် အမှတ် (၁)၊ (၄)၊ (၇) နှင့် အောင်သပြေတပ်ကျောင်း၊ ရွှေညောင်အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ (ဓါတ်ပုံ)

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကျောင်းသားကျောင်းသူများအား သူငယ်ချင်းများ ခရီးလွန်နေပါက ပြန်ရောက်လျှင် ကျောင်းတက်ကြရန်နှင့် ကျောင်းတက်ချိန်တွင် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးထားကြောင်း၊ ဘေးစကားများ မယုံကြည်ကြရန်၊ စာကိုသာ ဂရုတစိုက် သင်ကြားရန်နှင့် ဘွဲ့ရပညာတတ်များ ဖြစ်အောင် ကြိုးစားကြရန် အားပေးစကားပြောကြားခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ် ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇွန် ၂**

ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။


၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းများနှင့် တမံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် မေ ၃၀ ရက်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် အဖွဲ့ဝင်များ ကြီးအုံကြီးဝ ရေလှောင်တမံ၏ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးစဉ်။

**စီမံဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးမွေးမြူရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေဖူလုံရေးအတွက် ရောဝတီမြစ်ကြောင်း တစ်လျှောက်တွင် ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ဆိုလာလျှပ်စစ်ကို အသုံးပြု၍ မြစ်ရေတင်စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကွင်းဆင်းလေ့လာခြင်း၊ စီမံကိန်းရေးဆွဲအတည်ပြုခြင်း၊ စတင်အကောင်အထည်ဖော်ခြင်း လုပ်ငန်းများကို ကာလတိုအတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသည့် မြစ်ရေတင်လုပ်ငန်းများ အမြန်ဆုံးပြန်လည်အသက်သွင်းနိုင်ရေးနှင့် ထပ်ဆင့်ရေတင်စက်ရုံများတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် ပြောင်းလဲအသုံးပြုနိုင်ရေး၊ သောက်သုံးရေ ရရှိရေးအပြင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို လျော့ပါးနိုင်ရေးအတွက် ချောင်း၊ မြောင်းများတွင် စီးဆင်းနေသည့် ရေများကိုလည်း ချောင်းပိတ်၊ မြောင်းပိတ်စနစ်များဖြင့် ထိန်းသိမ်းအသုံးပြုနိုင်ရေး လုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါစိုက်ပျိုးထုတ်လုပ်မှု ဧရိယာအများဆုံးဖြစ်သည့် မကွေးတိုင်းဒေသကြီး အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် မင်းဘူး (စကု) မြို့နယ် ဝါစက်ရုံတွင် ဝါစိုက်တောင်သူများနှင့် လည်းကောင်း၊ ဝင်ငွေကောင်းသည့် နှစ်ရှည်သီးနှံပင်များဖြစ်သော ကော်ဖီနှင့် မက္ကဒေးမီးယားပင်များ တိုးချဲ့စိုက်ပျိုးရေးအတွက် ငဖဲမြို့နယ် နတ်ရေကန်ကော်ဖီခြံတွင် ဒေသခံကော်ဖီတောင်သူများနှင့် လည်းကောင်း တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မျိုး၊ နည်းပညာနှင့် လိုအပ်ချက်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး၊ ကုန်ထုတ်သမဝါယမ အသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

**ထုတ်ချေးပေးခဲ့**

အဆိုပါ နတ်ရေကန်ကော်ဖီစိုက်တောင်သူများ နေထိုင်ရာ ငဖဲမြို့နယ် တောင်ပေါ်ကျေးရွာများဖြစ်သည့် လိုင်မြဲ၊ ဘုံးဘော၊ ပဇီ၊ လင်းတဲ စသည့်ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ စီမံကိန်း၏ လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ကိုင်သူများကို အတိုးနှုန်းချိုသာစွာ ထုတ်ချေးပေးခဲ့သဖြင့် ကော်ဖီစိုက်တောင်သူများ အပါအဝင် ကျေးရွာပြည်သူများ၏ လုပ်ငန်းများ အဆင်ပြေအောင်မြင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီစည်းဝေး

**နေပြည်တော် ဇွန် ၂**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၂/၂၀၂၁) ကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထပ်မံခေါ်ယူကျင်းပရခြင်းဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ အစည်းအဝေး(၁/၂၀၂၁)ကို ဧပြီ ၂၆ ရက်တွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် အမျိုးသားအဆင့်ကော်မတီဝင်များမှ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အပေါ် ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းစီမံချက်ကို အမျိုးသားအဆင့်ကော်မတီဝင်များထံ ထပ်မံဖြန့်ဝေ၍ သဘောထားမှတ်ချက်တောင်းခံခဲ့ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပြုချက်များ ပေးပို့လာပါကြောင်း၊ အဆိုပါ အကြံပြုချက်များကို ကော်မတီဝင်များအနေဖြင့် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ထပ်မံခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ အကြံပြုချက်များအပေါ် အဖွဲ့ဝင်အားလုံး ဆွေးနွေးသဘောတူချက်များကို ယခုအစည်းအဝေးတွင် အတည်ပြုပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လေးစားလိုက်နာ**

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာ့တပ်မတော်အနေဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခြင်းမရှိစေရေးအတွက် စစ်ဘက်ဥပဒေ၊ နယ်ဘက်ဥပဒေများအပြင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (သို့မဟုတ်) စစ်ပွဲဆိုင်ရာ ဥပဒေကဲ့သို့သော အပြည်ပြည်ဆိုင်ရာဥပဒေများကိုပါ လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပြုသုံးသပ်ချက်များအား ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် အမျိုးသားအဆင့် ကော်မတီဝင်များက လုပ်ငန်းစီမံချက်အပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် အမျိုးသားအဆင့်ကော်မတီဝင်များအားလုံးက အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို သဘောတူညီခဲ့ကြသဖြင့် ဆက်လက်တင်ပြအတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဇန်းမော်မြို့တွင် ၀ ဒသမ ၇၇ လက်မ၊ ကနီမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၀ ဒသမ ၈၇ လက်မ၊ ရွှေကူမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ မိုးညှင်းမြို့၊ ကသာမြို့နှင့် စစ်တွေမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီ၊ ပြည်မြို့တွင် ၀ ဒသမ ၆၂ လက်မနှင့် ကျောက်တော်မြို့တွင် ၀ ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အခွင့်အရေးကို လက်မလွှတ်စေချင်

**ပါမောက္ခ မောင်လွင်**

"စစ်ကျွန်ပညာရေး တက်စရာမလိုဘူး"

"စစ်ကောင်စီကဖွင့်သည့်ကျောင်း ဘွဲ့ရရင် အလုပ်လုပ်လို့ မရဘူး"

"ဘွဲ့လက်မှတ် အသိအမှတ်မပြုဘူး"

"S.P လုပ်၍ ကျောင်းမတက်အောင် လှုံ့ဆော်ခြင်း"စတဲ့နည်းမျိုးစုံနဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းမတက်ဖို့အတွက် ဝါဒဖြန့်လျက်ရှိပါတယ်။ အဲဒါတွေကို နားယောင်ပြီး မိမိဘဝအတွက် ကျောင်းမတက်ဘူးဆိုရင် မိမိအနာဂတ်ဟာ ဝေဝါးသွားပါလိမ့်မယ်။

**ကိုဗစ်- ၁၉ကြောင့် ပိတ်ခဲ့ရတဲ့အတန်းများ**

ဒါကြောင့် ကျောင်းသား ကျောင်းသူတွေကို ဆရာပြောချင်တာကတော့ ဒီပညာရေးက စစ်တပ်က ရေးဆွဲထားတဲ့ သင်ရိုးမဟုတ်ဘူး။ ပညာရှင်ဆရာ ဆရာမတွေက နိုင်ငံတကာသင်ရိုးနဲ့ ညှိနှိုင်းပြီး ရေးဆွဲထားတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်ကလည်း ဒီသင်ရိုးပါပဲ။ ဒီကနေ့ဖွင့်နေတဲ့ အတန်းများကလည်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်က ကိုဗစ်- ၁၉ ကြောင့် ပိတ်ခဲ့ရတဲ့အတန်းများကို ပြန်လည်ဖွင့်လှစ်နေခြင်းသာ ဖြစ်ပါတယ်။

နိုင်ငံတော်တာဝန်ရှိသူတွေဟာ လူငယ်တွေ ပညာသင်ခွင့်မဆုံးရှုံးရေးကို အဓိကထားပြီး တက္ကသိုလ်တွေကို ၅-၅-၂၀၂၁ ရက်နေ့မှာ ဖွင့်လှစ်ခွင့်ပေးခဲ့တယ်။ ၁၉-၆-၂၀၂၁ ရက်အထိ ခုနစ်ပတ် စာသင်ပါမယ်။ စာသင်ချိန် ခုနစ်ပတ်နဲ့ပတ်သက်ပြီး ပြောစရာနောက်တစ်ခုရှိပါသေးတယ်။ ဆရာတို့ ပုံမှန်စာသင်ချိန်ဟာ ပညာသင်ကာလတစ်ဖြတ်မှာ လေးလပဲရှိပါတယ်။ ဒါပေမယ့် ပထမလမှာ စာသင်ကြားခြင်း အလွန်နည်းပါတယ်။ ဒီကြားထဲ ဆရာကန်တော့ပွဲ၊ ကျောင်းပွဲတွေနဲ့ တကယ့်စာသင်ချိန်က အလွန်နည်းပါတယ်။ ရှစ်ပတ်နဲ့ ၁၀ ပတ်ကြားပဲရှိပါတယ်။ အဲဒီတော့ လက်ရှိ ခုနစ်ပတ်နဲ့ အပတ်စဉ်စနေနေ့တိုင်း အချိန်ပိုတက်ရတာတွေဆိုတာဟာ တကယ်သင်ယူလိုသူအတွက် လုံလောက်သောအချိန်လို့ ပြောလို့ရပါတယ်။

ဆရာ ဒီစာရေးတဲ့အဓိက ရည်ရွယ်ချက်ဟာ ဂုဏ်ထူးတန်း ကျောင်းသား ကျောင်းသူတွေအတွက်ပဲဖြစ်ပါတယ်။ ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူတွေဆိုတာ စာမေးပွဲကျရှုံးလို့မရပါဘူး ဆိုတာ အစဉ်အလာသတ်မှတ်ထားတဲ့ စည်းကမ်း ဖြစ်ပါတယ်။

ယခု ကျောင်းသားကျောင်းသူတွေ စာမေးပွဲမဖြေဘူး။ ကျောင်းမတက်ဘူးဆိုရင် ကျောင်းသား ကျောင်းသူတွေဟာ ပထမနှစ်ဝက် ဖြေဆိုပြီးတာဖြစ်လို့ ကျောင်းနားလို့ မရပါဘူး။ တစ်နှစ်ကျဖြစ်ပါမယ်။ တစ်နှစ်ကျဖြစ်ရင် ဂုဏ်ထူးတန်းဆက်တက်လို့ မရပါဘူး။ ဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ တစ်နှစ်ကျဖြစ်ပြီး စတုတ္ထနှစ်က ပြန်တက်ရပါမယ်။

တတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ ဂုဏ်ထူးတန်းကျရှုံးပြီး ရိုးရိုးတန်းဘွဲ့ကို ပြန်လည်လျှောက်ထားရမှာဖြစ်ပြီး ရိုးရိုးတန်းဘွဲ့ကိုသာ ရရှိမှာဖြစ်ပါတယ်။ အချိန်မီပါသေးတယ်။ ကျောင်းပြန်တက်၊ စာပြန်ကျက်၊ စာမေးပွဲဖြေလိုက်မယ်ဆိုရင် ဂုဏ်ထူးတန်းဘွဲ့နဲ့ ကျောင်းပြီးသွားမှာဖြစ်သလို ရှေ့ဆက်ပြီးလည်း မဟာဝိဇ္ဇာ၊ မဟာသိပ္ပံတန်းကို ဆက်လက်တက်ခွင့်ရမှာဖြစ်ပါတယ်။

နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူတွေအနေနဲ့ ၂၂-၆-၂၀၂၁ ရက်နေ့မှာ ကျင်းပမယ့် စာမေးပွဲကို ဝင်ရောက်မဖြေဘူးဆိုရင် တစ်နှစ်ကျဖြစ်ပါမယ်။ ကြားကာလမှာ တခြားအတန်းများ ပုံမှန်ဖွင့်လှစ်နေမှာ ဖြစ်တာကြောင့် စာမေးပွဲရှိမှာ မဟုတ်တော့ပါ။ နောက်နှစ်ဒီအချိန်မှာ နောက်ဆုံးနှစ် ဒုတိယပညာသင်နှစ်ကို ပြန်တက်ရပါမယ်။ အချိန်တွေဟာ အလွန်တန်ဖိုးရှိလှပါတယ်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ဖို့ လိုပါတယ်။

**အခွင့်အရေးကို လက်မလွှတ်စေချင်**

အချုပ်အားဖြင့်ဆိုရရင် ကျောင်းသားကျောင်းသူတွေ အချိန်မီကျောင်းတက်ပြီး ၂၂-၆-၂၀၂၁ ရက်နေ့မှာ ကျင်းပမယ့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုမယ်ဆိုရင် မိမိတို့ဘဝအတွက် တစ်ဆင့်ပြီးသွားမှာဖြစ်လို့ ရတဲ့အခွင့်အရေးကို လက်မလွှတ်စေချင်ပါဘူး။

ကျောင်းသားကျောင်းသူတွေ ပျော်ရွှင်စွာနဲ့ ပညာရေးကို နိုင်ငံရေးပယောဂကင်းစွာ ပညာသင်ကြားနိုင်ကြပါစေ။

■ **တတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ ဂုဏ်ထူးတန်းကျရှုံးပြီး ရိုးရိုးတန်းဘွဲ့ကို ပြန်လည်လျှောက်ထားရမှာဖြစ်ပြီး ရိုးရိုးတန်းဘွဲ့ကိုသာ ရရှိမှာဖြစ်ပါတယ်။ အချိန်မီပါသေးတယ်။ ကျောင်းပြန်တက်၊ စာပြန်ကျက်၊ စာမေးပွဲဖြေလိုက်မယ်ဆိုရင် ဂုဏ်ထူးတန်းဘွဲ့နဲ့ ကျောင်းပြီးသွားမှာဖြစ်သလို ရှေ့ဆက်ပြီးလည်း မဟာဝိဇ္ဇာ၊ မဟာသိပ္ပံတန်းကို ဆက်လက်တက်ခွင့်ရမှာ ဖြစ်ပါတယ်။**

**သင်တန်းကာလနှင့် သင်တန်းအစီအစဉ်**

| စဉ် | သင်တန်းအမျိုးအစား | မူလသင်တန်းကာလ | သင်တန်းကာလ |
|---|---|---|---|
| ၁ | ဘွဲ့ကြို/ဒီပလိုမာ နောက်ဆုံးနှစ်သင်တန်းများ/ ဒုတိယနှစ် ဂုဏ်ထူးတန်း/ တတိယနှစ် ဂုဏ်ထူးတန်း | ၂၀၂၀ပြည့်နှစ်၊ ဇွန်လမှ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလအထိ | သင်တန်းကာလ (၅-၅-၂၀၂၁) ရက်နေ့မှ (၁၉-၆-၂၀၂၁) ရက်နေ့အထိ (၇) ပတ်(၃၉)ရက် |
| ၂ | မဟာအရည်ချင်းစစ် သင်တန်းများ | ဒုတိယပညာသင်နှစ်ဝက် (၁၆ ပတ်) (၇၄)ရက် | ကိုယ်ပိုင်စာကြည့်ချိန် (၂၀-၆-၂၀၂၁)ရက်နေ့မှ (၂၁-၆-၂၀၂၁)ရက်နေ့အထိ (၂)ရက် |
| ၃ | မဟာဘွဲ့(ရေးဖြေ) သင်တန်းများ | | စာမေးပွဲကာလ (၂၂-၆-၂၀၂၁) ရက်နေ့မှ (၂-၇-၂၀၂၁) ရက်နေ့ အထိ (၁၀-ရက်) |




မွန်ပြည်နယ် ခေါဇာမြို့ ရပ်ကွက် (၂) အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားလက်ဝယ်ကိုင်ဆောင်ခွင့် ရရှိစေရန်အတွက် မေ ၃၀ ရက်က ခေါဇာမြို့ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ညီညီချမ်း(ပြန်/ဆက်)

## စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်လုပ်သည့် လက်လီလုပ်ငန်းအများစု လာမည့်နှစ်အနည်းငယ်အတွင်း ပိုမိုတိုးတက်လာနိုင်

**ရန်ကုန် ဇွန် ၂**

စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်လုပ်သည့် လက်လီလုပ်ငန်းအများစုမှာ လာမည့်နှစ်အနည်းငယ်အတွင်းပိုမိုတိုးတက်လာဖွယ်ရှိကြောင်း စားသောက်ကုန်လုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါလုပ်ငန်းများသည် ပြည်တွင်းရှိ လူလတ်တန်းစားဦးရေ တိုးတက်ခြင်းနှင့် ဝယ်ယူစားသုံးမှုမြင့်တက်လာနိုင်သည့် အခြေအနေကြောင့် လာမည့်နှစ်အနည်းငယ်တွင် လက်ရှိထက် ပိုမိုတိုးတက်လာနိုင်သဖြင့် လုပ်ငန်းရှင်များက တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"လူတန်းစားအလွှာ ကြီးထွားလာမှုက လက်လီရောင်းချမှုလုပ်ငန်းတွေအတွက် အဓိကအချက်ဖြစ်ပါတယ်။ လူလတ်တန်းစားဦးရေလည်း တိုးတက်လာတော့ ဝယ်ယူစားသုံးမှုတွေလည်း မြင့်တက်လာနိုင်တယ်"ဟု ဝင်းစားသောက်ကုန်လုပ်ငန်းမှ ဦးဇေယျာကျော်က ပြောသည်။

ထို့ပြင် နိုင်ငံတကာဈေးကွက်များကို ထိုးဖောက်ရန် အခွင့်အလမ်းများစွာ ပိုင်ဆိုင်နေသော်လည်း လုပ်ငန်းအားနည်းချက်များ ရှိနေသေးသည့်အတွက် နိုင်ငံတကာ စံချိန် စံညွှန်းကိုက်ညီသည့်အဆင့် ရောက်ရှိစေရန်အတွက်လည်း အားစိုက်ရန်လိုကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ပြည်တွင်း၌ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းစားသောက်ကုန်များ၏ အရည်အသွေးမြင့်မားရေးကိစ္စရပ်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပဈေးကွက်ဖြန့်ဖြူးရေးတွင် ဆက်စပ်ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် ချိတ်ဆက်လုပ်ကိုင်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ပြည်တွင်းစားသောက်ကုန်များအနေဖြင့် ပြည်ပပို့ကုန်အဖြစ် ထိထိရောက်ရောက်နှင့် စနစ်တကျဆောင်ရွက်နိုင်ရေးများကို ပံ့ပိုးကူညီခြင်းဖြင့် လည်းကောင်း၊ ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်သူများ၏ အသိအမြင်များ၊ နည်းပညာများ၊ အရည်အသွေးများ တိုးတက်မြင့်မားလာစေရန် စသည်တို့ကိုလည်းကောင်း မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်လုပ်မှုလုပ်ငန်းများသည် ပြည်တွင်းစက်မှုဖွံ့ဖြိုးရေးအတွက်သာမက ပြည်ပပို့ကုန်အတွက်ပါ အားထားဖွယ်ရာတစ်ခုဖြစ်ပြီး မှတ်ပုံတင်ထားကြသော စက်မှုလုပ်ငန်းများအနက် စားသောက်ကုန်လုပ်ငန်းများမှာ ၆၅ ရာခိုင်နှုန်းကျော် နေရာယူထားကြောင်း သိရသည်။

**အေမင်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ




နေပြည်တော် ဇွန် ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၂၀၂၁ ခုနှစ်၊ ဧပြီလ) စာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**

အဆိုပါ စာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်း စုစုပေါင်း ၁၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁)တွင် ပြောကြားသည့် "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များရှိရန် လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင် သည့် အရက်၊ ဆေးလိပ်၊ ကွမ်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ ဝင်ငွေနှင့် မျှတသည့် အာဟာရပြည့်ဝသော အစားအသောက်များ စားသုံးနိုင်ရန်အတွက် စီမံဆောင်ရွက် ပေးရန်လိုအပ်ကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများကို အားပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ နှစ်ခန့်သာရှိသဖြင့် အခြားနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန် လိုကြောင်း" ပြောကြားသည့် အမှာစကားများ အပါအဝင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အခြေခံပညာကျောင်းများဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က ပဲခူးမြို့အတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေ နှင့် စာသင်ခုံလိုအပ်ချက်များ တင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသားကျောင်းသူ၊ မိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့ ဥဿာ(၄)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက် တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီလွင်က ကျောင်းသား ကျောင်းသူများ ပညာသင်ကြားပေးနေမှုများကို တင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းသုံးမီတာခနှင့် ကိုဗစ်- ၁၉ စည်းကမ်းချက်နှင့် အညီ ပညာသင်ကြားနိုင်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး ဇွန် ၂**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်နှင့် စေတနာအပြည့်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိ ပြည်နယ်အတွင်းရှိ တွန်းဇံမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည် တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အတိုင်း စိစစ် ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်က လုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ် ကျန်းမာရေးနှင့်အားကစားဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ချင်းပြည်နယ်တွင် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ဟားခါးခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးက ခရိုင်အတွင်း ကျောင်းအပ်နှံမှုနှင့် ကျောင်းများဖွင့်လှစ်မှု အခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်**

(ပြန်/ဆက်)

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

▼ ကျောဖုံးမှ

၃။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် အခွန်ပေးဆောင်နေသည့်ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းကို အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ ကုမ္ပဏီအခွန်ထမ်းမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၄။ ပုဂ္ဂလိကဘဏ်များရှိ မိမိတို့ဘဏ်ငွေစာရင်း (Bank A/ C) မှ အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများ၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) (သို့မဟုတ်) MPU Debit Card ကို အသုံးပြု၍ အခွန်ပေးဆောင်ရာတွင် အခွန်ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာပုဂ္ဂလိကဘဏ်များမှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ အခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား [ပတခ(e-payment)] ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

၅။ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်း (Bank A/C) ဖွင့်လှစ်ထားရှိသည့် အခွန်ထမ်းများအနေဖြင့် ငွေသား/ ချက်လက်မှတ်နှင့် စာရင်းပြောင်းနည်းဖြင့် အခွန်ပေးဆောင်နိုင်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ဇူလိုင်လ (၁) ရက်နေ့မှစတင်၍ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်း (Bank A/C) ဖွင့်လှစ်ထားသော အခွန်ထမ်းများမှအပ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများရှိ အခွန်ထမ်းများအပြင် အဆိုပါရုံးများတွင် အခွန်ပေးဆောင်နေသော ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းများကို ငွေသား/ ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ လက်ခံကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၇။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက
(က) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)
ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊
နေပြည်တော်
ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂
(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)
အမှတ်- ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂
(ဂ) သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ
(e-Payment Section)
အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ စာအုပ်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ဦးဝိလာသ(စာရေးဆရာ၊ ကဗျာဆရာ ဝေမိုး-ကျွန်းလှ)က စာအုပ်များ လှူဒါန်းသည့် အခမ်းအနားကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဖောင်ဒေးရှင်းရုံးခန်းမ၌ ကျင်းပရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ (စာရေးဆရာ မောင်ဆွေသက်)၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (စာရေးဆရာ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး)၊ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်ဦးဝိလာသ (စာရေးဆရာ ကဗျာဆရာ ဝေမိုး- ကျွန်းလှ) က ဓမ္မဂုဏ်ရည် စာပေဆုရစာအုပ်များဖြစ်သည့် ပန်းမြိုင်လယ် စိန်ဝင်းရေးသားသော လူသားနှင့် မူးယစ်ဆေးစာအုပ် ၆၁၄ အုပ်၊ အရှင်ရေဝတ (သရက်ကောင်း) ရေးသားသော ဘာ့ကြောင့်ဗုဒ္ဓဘာသာနိုင်ငံတွေ ကွယ်ပျောက်ခဲ့ရသလဲ စာအုပ် ၂၃၂ အုပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ ခန့် တန်ဖိုးရှိစာအုပ်များကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်ပေးအပ်သည်။ **(ယာပုံ)**

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖောင်ဒေးရှင်းများ ဖွဲ့စည်းထားရှိပြီး ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းကူညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စာအုပ်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၂၀၇၀၀၃၂၆ နှင့် ၀၉-၉၇၃၆၅၃၆၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ပင်လယ်ပြင်ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ပို့ချ

**ကျောက်ဖြူ ဇွန် ၂**

ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော ရေလုပ်သားများ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ကြရန်၊ ဥပဒေ၊ စည်းမျဉ်းများကို သိရှိလိုက်နာနိုင်ကြရန်နှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးတတ်ကြစေရန် ရည်ရွယ်လျက် ၎င်းတို့အတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းကို Closed Season အတွင်း ဖွင့်လှစ်ကြရန် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက်အရ ကျောက်ဖြူခရိုင်တွင် အဆိုပါ သင်တန်းကို မေ ၃၁ ရက်က ကိုဗစ်- ၁၉ ဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်ရာ သင်တန်းသား ၃၀ တက်ရောက်ကြသည်။




ကျောက်ဖြူခရိုင်တွင် အဆိုပါ သင်တန်းအား ဇွန်လနှင့် ဇူလိုင်လများ၌ ဆက်လက် ကျင်းပရန် စီစဉ်ထားရှိသည်။ **ကျော်ဆင့်**

❖ ကျောဖုံးမှ

ကျဆင်းလာကာ(ယာဉ်/ကုန်)စုစုပေါင်း ၁၆ တန်အထိသာ ဖြတ်သန်းသွားလာနိုင်သည့်အတွက် တံတား၏ ပင်မတံတားအရှည်ပေ ၅၄၀ အပိုင်းကို (ယာဉ်/ကုန်) စုစုပေါင်း တန် ၆၀ ဖြတ်သန်းသွားလာနိုင်မည့် သံကူကွန်ကရစ် ကြမ်းခင်းအဖြစ် အစားထိုး အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် မြစ်ကူးဇက်ရေယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးထားကြောင်း တံတားတည်ဆောက်ရေးတာဝန်ခံ၏ ပြောပြချက်အရ သိရသည်။

ပမ္မဝတီတံတားကို တံတားအထူးအဖွဲ့ (၁၅)က တာဝန်ယူတည်ဆောက်ပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၆၆၀၀ ဒသမ ၀၀ သန်းဖြစ်ကာ ၃၁-၅-၂၀၂၂ တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ပမ္မဝတီတံတား(မြင်းကဆိပ်)တံတားအဆင့်မြှင့်တင် တည်ဆောက်ပြီးစီးသွားပါက ဒေသခံပြည်သူများ ယခင်ကထက် လျင်မြန်ချောမွေ့စွာ ကူးသန်းသွားလာနိုင်မည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည့်လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ဒလမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု လှည့်လည်ကြည့်ရှု

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ယမန်နေ့မှစတင်၍ တစ်ပြိုင်နက်ဖွင့်လှစ်ရာ အခြေခံပညာကျောင်းများတွင် ပညာသင်ယူကြသည့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြင့် စာသင်ကြားသင်ယူမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လှည့်လည်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုရာတွင် အခြေခံပညာကျောင်းများ၌ ကိုဗစ်- ၁၉ ရောဂါ တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်ကြားပေးနိုင်ရေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် စာသင်ကြားနိုင်ရေးနှင့် လုံခြုံမှု ရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒလမြို့နယ် လုံခြုံရေးတပ်ဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် အဖွဲ့ဝင်များက စာသင်ကျောင်းများသို့ လှည့်လည်သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားကြသည်။

ဒလမြို့နယ်၌ အထက်တန်းကျောင်းခြောက်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ငါးကျောင်း၊ အလယ်တန်းကျောင်းငါးကျောင်း၊ အလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ မူလွန်ကျောင်း ၁၂ ကျောင်း၊ မူလတန်းကျောင်း ၄၇ ကျောင်းရှိရာ အခြေခံပညာကျောင်း စုစုပေါင်း ၇၆ ကျောင်းရှိပြီး အဆိုပါ ကျောင်းများအားလုံး ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **နိုင်လင်းကျော်(ပြန်/ ဆက်)**

# မန္တလေးမြို့တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်

**မန္တလေး ဇွန် ၂**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းများအား တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ မန္တလေးမြို့ရှိ အခြေခံပညာ ကျောင်းအသီးသီးတွင်လည်း ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ အတန်းအလိုက် ဘာသာရပ် သင်ခန်းစာများကို သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

**သင်ကြားပေးလျက်ရှိ**

ယခု ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာ ကျောင်းပေါင်း ၄၂၆၃ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၂၃၅ ကျောင်းနှင့် ဘာကကျောင်း ၃၁၇ ကျောင်း စုစုပေါင်း ၄၈၁၅ ကျောင်းအား စတင်ဖွင့်လှစ်ကာ ပညာ သင်ကြားပေးလျက်ရှိပြီး ကျောင်းများအပ်နှံရန် စတင်ခွင့်ပြုသည့် မေ ၂၄ ရက်မှ ဇွန် ၂ ရက်အထိ ကျောင်းလာရောက်အပ်နှံသူစာရင်းမှာ ၃၄၉၅၇၉ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဦးတင်ရွှေက ပြောသည်။

"ပြီးခဲ့တဲ့ ပညာသင်နှစ်မှာ အခြေခံပညာ ကျောင်းတွေကို ကိုဗစ်-၁၉ ရောဂါကြောင့် ခဏပဲဖွင့်ပြီး ပြန်ပိတ်ခဲ့ရပါတယ်။ ဒါကြောင့် အခုပညာသင်နှစ်မှာတော့ ကလေးတွေရဲ့ ပညာရေး အဆက်မပြတ်စေဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့ရဲ့ လမ်းညွှန်မှုနဲ့အတူ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရဲ့ ညွှန်ကြားမှုတွေနဲ့အညီ ကျွန်တော်တို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးက မန္တလေးတိုင်းအတွင်းမှာရှိတဲ့ ကလေးတွေအားလုံး ကျောင်းတွေကို ရောက်ရှိ ပညာသင်ကြားနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ ကျောင်း အသီးသီးမှာလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ကလေးအရွယ်အလိုက် Mask တွေ၊ Face Shield တွေ ဝတ်ဆင်နိုင်ဖို့နဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာပြီး သင်ကြားပေးနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ လုံခြုံမှုရှိစေဖို့အတွက် ကျောင်းသား ကျောင်းသူများ စောင့်ရှောက်ရေးအဖွဲ့တွေကို ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ ကျောင်းမအပ်ရသေးတဲ့ မိမိတို့သားသမီးများကို ကျောင်းအပ်နှံပေးပြီး ပညာသင်ကြားနိုင်ဖို့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်းက ပြောသည်။

ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာ၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက ကျောင်းသားကျောင်းသူများအား Mask များနှင့် Face Shield များ စနစ်တကျ တပ်ဆင်စေခြင်း၊ ကျောင်းအဝင်၌ ကိုယ်ပူချိန်တိုင်းတာခြင်း၊ ကျောင်းအတွင်း ပြင်ဆင်ထားရှိသည့် လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးစေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စနစ်တကျ ပြင်ဆင်ထား**

"ကျွန်မတို့ ကျောင်းမှာ ကျောင်းသား ကျောင်းသူတွေ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် ကျောင်းမဖွင့်ခင်ကတည်းက စာသင်ခန်းတွေနဲ့ ကျောင်းဝင်းအတွင်းမှာ ပိုးသတ်ဆေးတွေ ဖျန်းပေးထားပြီး စာသင်ခုံတွေကို တစ်ဦးနဲ့တစ်ဦး လေးပေစီ ခြားထားပါတယ်။ ခြေနင်းဘေစင်၊ ခြေနင်းအမှိုက်ပုံးတွေနဲ့ လက်သန့်ဆေးတွေကိုလည်း စနစ်တကျ ပြင်ဆင်ထားပါတယ်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဗီနိုင်းတွေကိုလည်း မြင်သာထင်သာရှိတဲ့နေရာတွေမှာ ချိတ်ဆွဲထားပါတယ်။ ကျောင်းကို ရောက်ရှိလာတဲ့ ကလေးတွေအားလုံး စိတ်အေးချမ်းသာစွာနဲ့ ပညာသင်ကြားနိုင်ဖို့ ကျွန်မတို့ဆရာ ဆရာမတွေအနေနဲ့ ကြိုးစားဆောင်ရွက်ပေးသွားမှာပါ"ဟု အောင်မြေသာစံမြို့နယ် အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ပြောသည်။



အောင်မြေသာစံမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ထို့အပြင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ မိမိကလေးငယ်အား ကျောင်းတက်ရန် လာရောက် ပို့ဆောင်ပေးသည့် မိဘတစ်ဦးကလည်း "ဒီနှစ်မှာ Grade (1) စတက်မယ့် ကျွန်မကလေးကို ကျောင်းလိုက်ပို့တာပါ။ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ဖို့ ကျောင်းမဖွင့်ခင်ကတည်းက အိမ်မှာ Mask ဝတ်ပုံနည်းစနစ်တွေကို သင်ကြားပေးထားပါတယ်။ အခု ကျောင်းကိုလာတဲ့အခါမှာလည်း အိမ်ကနေ Mask တပ်ပြီးမှ လာခဲ့တာပါ။ ကျောင်းမှာလည်း ရောဂါကာကွယ်ရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင် လုပ်ဆောင်ပေးနေတာတွေကို တွေ့ရတဲ့အတွက် အားရကျေနပ်မိပါတယ်။ ပညာတတ်မှ လူရာဝင်တဲ့ခေတ်မှာ ပညာရေးက အဓိကကျတဲ့အတွက် အခုလိုကျောင်းတွေပြန်ဖွင့်ပေးတဲ့အပေါ်မှာ မိဘတစ်ဦးအနေနဲ့ အလွန်ကို ပျော်ရွှင်မိပါတယ်။ ပညာတစ်နှစ် မသင်ရရင် တစ်နှစ်နစ်နာတဲ့အတွက် ကျောင်းမအပ်ရသေးတဲ့ မိမိတို့ သားသမီးတွေကို ကျောင်းကို လာရောက်အပ်နှံကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

**ထောက်ပံ့ပေး**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်အဖြစ် နိုင်ငံတော်မှ မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံလေးချောင်းစီ၊ ပြန်လည်အသုံးပြုနိုင်သော Mask နှစ်ခုနှင့် Face Shield တစ်ခုစီကိုလည်းကောင်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်းစီ၊ ပြန်လည် အသုံးပြုနိုင်သော Mask နှစ်ခုနှင့် Face Shield တစ်ခုစီတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# လှိုင်သာယာမြို့နယ်တွင် ကျောင်းဖွင့်ရာသီ၌ ကျောင်းသား ကျောင်းသူတစ်သောင်းကျော် တက်ရောက်သင်ကြား

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်း ဒေသကြီးတွင် အခြေခံပညာကျောင်းနှင့် ကျောင်းသားအများဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်၌ ကျောင်းဖွင့်ရာသီ ဇွန် ၁ ရက်မှစ၍ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်တွင် မူလတန်း ၃၄၉၁ ဦး၊ အလယ်တန်း ၁၈၈၄ ဦးနှင့် အထက်တန်း ၃၈၂ ဦးဖြင့် စုစုပေါင်း ၅၇၅၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ်၌ မူလတန်း ၃၃၁၅ဦး၊ အလယ်တန်း ၁၈၈၇ ဦးနှင့် အထက်တန်း ၅၄၄ ဦးဖြင့် စုစုပေါင်း ၅၇၃၇ ဦး တက်ရောက်သင်ကြားလျက်ရှိရာ မြို့နယ်တစ်ခုလုံးတွင် ကျောင်းသား/ကျောင်းသူ ၂၂၂၀၂ ဦး အပ်နှံ၍ ၁၁၄၉၄ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

"တစ်မြို့နယ်လုံး အတိုင်းအတာနဲ့ ကျောင်းအပ်ရာသီမှာ ၅၀ ရာခိုင်နှုန်းနီးပါး ကျောင်းအပ်တယ်။ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်မှုအတိုင်း ကလေးတွေကို နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်သန့်ဆေးရည်၊ ဆပ်ပြာ ကျောင်းတိုင်းမှာ ထားပေးတယ်။ သင်ထောက်ကူပစ္စည်းဖြစ်တဲ့ ခဲတံ၊ ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်အားလုံး အဆင်သင့် လုပ်ဆောင်ထားတယ်။ ကျောင်းအပ်ဦးရေထက်ကျောင်းတက်နှုန်းနည်းနေသေးပေမယ့် မနေ့က ထက်တော့ တိုးလာပါပြီ" ဟု လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် ပညာရေးမှူး ဦးကျော်သိန်းထွန်းက ပြောသည်။



လှိုင်သာယာမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်တွင် အခြေခံပညာ ကျောင်း၂၈ ကျောင်း၊ လှိုင်သာယာ အနောက်ပိုင်းမြို့နယ်တွင် အခြေခံပညာ ကျောင်းပေါင်း ၃၀ ဖြင့် စုစုပေါင်း ၅၈ ကျောင်းရှိပြီး ယခုကျောင်းဖွင့်ရာသီ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများလည်း ဖွင့်လှစ်လျက်ရှိရာ တစ်မြို့နယ်လုံး၌ ကျောင်းသား ကျောင်းသူ ၁၁၄၉၄ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**၁၆၄**

**ဓာတ်ပုံ - သစ္စာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့ကျောင်းသားဦးရေ ၂၅၆၈၁၈ ဦး တက်ရောက်ပညာသင်ကြား


ဒလမြို့နယ် အထက(၄) တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၂

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းသား ၁၇၂၃၉၉ ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၉၅၃၈ ဦး၊ ကိုယ်ပိုင်ကျောင်း ၁၇၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ဇွန် ၂ ရက်တွင် ကျောင်းသားအရေအတွက် ၂၅၆၈၁၈ ဦး တက်ရောက်ကြကြောင်း တိုင်းပညာရေးဦးစီးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံမှုမှာ စုစုပေါင်း ကျောင်းသားဦးရေ ၃၈၄၂၆၈ ဦးရှိကြောင်း သိရသည်။

### သတ်မှတ်ချက်အတိုင်း ဆောင်ရွက်

"ကျောင်းနေအရွယ် ကလေးတွေအားလုံး ကျောင်းအပ်နှံဖို့အတွက် ကျောင်းအပ်နှံရေးနေ့ဆိုတာ နဂိုကတည်းက သတ်မှတ်ထားပြီးသားပါ။ အခုနောက်ပိုင်းကျမှသာ ဘယ်ရက်ကနေ ဘယ်ရက်အထိဆိုပြီး တိကျတဲ့ ညွှန်ကြားချက်တွေနဲ့ ကျောင်းအပ်နှံဖို့အတွက် ထုတ်ပြန်တာပါ။ မေ ၂၄ ရက်ကစပြီး မေ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေးနေ့အဖြစ် ဆောင်ရွက်ပြီး ဇွန် ၁ ရက်နေ့မှာ ကျောင်းတွေ အားလုံး တစ်ပြေးညီ တစ်နိုင်ငံလုံး စတင်ဖွင့်လှစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အချက်ပေါင်း ၃၃ ချက် ထုတ်ပြန်ထားတယ်။ အဲဒီအချက်တွေနဲ့ လိုက်လျောညီထွေ ကျောင်းအားလုံး ပြင်ဆင်ခဲ့ပါတယ်။ ကလေးတွေ ကျောင်းရောက်တာနဲ့ သူတို့အတွက် Mask နဲ့ Face Shield၊ Hand Gel တို့၊ ဘေစင်တို့ သတ်မှတ်ချက်အတိုင်း လူတစ်ဦးကို ၆ ပေကွာနှုန်းနဲ့ စာသင်ခန်းအတွင်း ဝင်ရောက်ဖို့လည်း အားလုံးညွှန်ကြားပြီးပါပြီ။ ဗီနိုင်းတွေ၊ ပိုစတာတွေ ကျောင်းတိုင်း ကျောင်းတိုင်းမှာ ထားရှိပြီးဖြစ်ပါတယ်။ ပညာရေးမှာ အခမဲ့ပညာရေး စခဲ့တာ ကြာပါပြီ။ ပုံနှိပ်စာအုပ်လည်း အခမဲ့၊ ဗလာစာအုပ်လည်း အခမဲ့၊ ကိုဗစ်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေလည်း အခမဲ့၊ ရေးစရာ ခဲတံ၊ ပေတံ၊ ဘောပင်တွေအစ အားလုံး အခမဲ့ပါ။ ကျွန်တော်တို့မှာ စီမံချက်တွေ ရေးဆွဲထားပါတယ်။ ကျောင်းသားရယ်၊ ဆရာရယ်၊ မိဘရယ် အားလုံးပူးပေါင်း ဆောင်ရွက်မှသာလျှင် ပညာရေးကအောင်မြင်မှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးစိန်ဝင်းက ပြောသည်။

### အသိပေးထုတ်ပြန်ထား

ပညာရေး ဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်/ လယ်/ မူ ကျောင်းများကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး မည်သည့်အခကြေးငွေမှ ကောက်ခံမှုမရှိဘဲ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ စသည်တို့ကိုလည်း အခမဲ့ ထောက်ပံ့ပေးအပ်မည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားခဲ့သည်။

"တာမွေမြို့နယ်က မူလတန်းကျောင်း အမှတ် ၂၅/၂၈/၃၁ ဆိုရင် နဂိုကတည်းက ကျောင်းသား ၂၈ ဦးလောက်ရှိတဲ့ ကျောင်းက ခုကာလမှာ အနည်းငယ်သာ လာအပ်ကြတယ်။ အခုကကျောင်းသားမိဘတွေက စောင့်ကြည့်နေဆဲ ကာလဖြစ်နေတော့ ကျောင်းအပ်နှံမှုက နည်းနေတယ်၊ ကျောင်းဘက်က အားလုံးအဆင်သင့်ပြင်ဆင်ထားတယ်။ ကျောင်းက ပုံမှန်ရနေပြီ ကျောင်းသားရှိသလောက်ကို သင်ကြားပေးမှာပါ"ဟု ပညာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ အရာရှိတစ်ဦးက ပြောသည်။

"ကလေး KG တက်ဖို့ ကျောင်းတော့ အပ်ခဲ့ထားပြီးပြီ။ ဖေ့စ်ဘုတ်မှာပြောနေတာကြောင့် စိုးရိမ်စိတ်နဲ့ မနေ့က အခြေအနေကြည့်ပြီး ကလေးကိုကျောင်းမပို့ခဲ့ဘူး။ ဒီနေ့တော့ ကျောင်းပို့ခဲ့တယ်။ ကျောင်းမှာ တာဝန်ရှိသူတွေ စောင့်နေကြတာရှိတယ်။ ကျောင်းကတော့ ပုံမှန်ပါပဲ"ဟု တောင်ဥက္ကလာပမြို့နယ်နေ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းလေးကျောင်း အပါအဝင် အခြေခံပညာကျောင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၃၀၊ ကိုယ်ပိုင်ကျောင်း ၂၇၃ ကျောင်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**


ဗဟန်းမြို့နယ် အထက(၃) တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

ကျောင်းမအပ်ရသေးတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အတွက်လည်း ကျောင်းဖွင့်ချိန်ကာလအတွင်းမှာကျောင်းအပ်နှံမှုကို ဆက်လက်လက်ခံပေးနေပါတယ်။ ကျောင်းတက်ဖို့က ကျောင်းသားတွေရဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီနေ့ကို ကျောင်းသားအသစ်အနေနဲ့ ၃၄ ဦး လာရောက်အပ်နှံပါတယ်။ ကျောင်းတက်ရာခိုင်နှုန်းက တော်တော်များပါတယ်။ ဇွန် ၁ ရက်မှာ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၃၀ တက်ရောက်ပါတယ်။ ကျွန်တော်တို့ ကျောင်းရဲ့ ကျောင်းတက်ချိန်က နှစ်သုတ်ခွဲပြီး စီစဉ်ထားပါတယ်။ နံနက်ပိုင်းမှာ ၇ နာရီကျောင်းတက်ပြီး ၁၁ နာရီ ၅၅ မိနစ်မှာ ကျောင်းဆင်းပါတယ်။ အလယ်တန်းအဆင့်တွေက နံနက်ပိုင်းကျောင်းတက်ရပါတယ်။ ညနေပိုင်းကျတော့ မွန်းလွဲ ၁၂ နာရီခွဲ ကျောင်းတက်ရပြီး မူလတန်းအဆင့်အနေနဲ့ ညနေ ၄ နာရီခွဲ ကျောင်းဆင်းရပြီး အထက်တန်းအဆင့်ကတော့ ညနေ ၅ နာရီ ၂၅ မိနစ်မှာ ကျောင်းဆင်းပါတယ်" ဟု ၎င်းက ပြောသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမြင့်က " ကျွန်မတို့ကျောင်းရဲ့ကျောင်းအပ်ရာခိုင်နှုန်းက ၈၀ ရာခိုင်နှုန်း လောက်ရှိပါတယ်။ ကျောင်းမအပ်ရသေးတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက်လည်း ဆက်လက်ပြီး ကျောင်းအပ်လက်ခံပေးနေပါတယ်။ ကျွန်မတို့ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းပျမ်းမျှ ၇၉၉ ဦး ရှိပါတယ်။ လျှာထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲကနေ ၈၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ နောက်ထပ် ကျောင်းသား၊ ကျောင်းသူ ဦးရေတိုးလာဖို့ ရှိပါတယ်။ ကျွန်မတို့ ကျောင်းရဲ့ ကျောင်းတက်၊ ကျောင်းဆင်းကတော့ တစ်ကြိမ်တည်း ဖြစ်ပါတယ်။ နံနက် ၈ နာရီခွဲ ကျောင်းတက်ရပြီး ညနေ ၃ နာရီခွဲမှာ ကျောင်းဆင်းရပါတယ်" ဟု ပြောသည်။


နေပြည်တော် အထက(၆) မှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

### အဆင်ပြေချောမွေ့

ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်နိုင်ရေးအတွက် ကျောင်းမဖွင့်မီကာလကပင် နိုင်ငံတော်အစိုးရနှင့်အတူ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး စာသင်ခုံများနေရာချထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းဥပမိရပ်ကောင်းမွန်စေရေးကိုလည်း ကြိုတင်စီစဉ်ထားသည့်အတွက် ကျောင်းဖွင့်သည့်အခါတွင် အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ကြောင်းလည်း သိရှိရသည်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျောင်းတွေဖွင့်နိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်- ၁၉ ရောဂါကာကွယ်တားဆီးရေး နည်းလမ်းတွေအတိုင်း ပြင်ဆင်ပါတယ်။ ကျောင်းအခန်းတွေကိုလည်း ကျောင်းသား၊ ကျောင်းသူတွေ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ပြင်ဆင်ပါတယ်။ ကျောင်းဥပမိရပ်ကောင်းမွန်ဖို့အတွက်လည်း ကျောင်းဆောင်တွေ အားလုံး ဆေးသုတ်ပါတယ်။ စာရေးခုံတွေကိုလည်း အသစ်ဖြည့်ဆည်းပေးထားပါတယ်" ဟု ပြောသည်။

ကျောင်းတက်ရန် လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်မှ နှာခေါင်းစည်းများ၊ မျက်နှာအကာများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ကျဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်ဆေးဘေစင်များတွင် စနစ်တကျလက်ဆေးစေခြင်းများ ဆောင်ရွက်ပေးသည်ကိုလည်း တွေ့မြင်ရသည်။

### မွမ်းမံ သင်တန်းများပေး

ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်က မေလအတွင်း မူလတန်းသင် ဆရာ၊ ဆရာမများအားလုံးကို မွမ်းမံသင်တန်းများပေးခဲ့ပြီး ဧပြီလအတွင်းတွင် အလယ်တန်းနှင့် အထက်တန်း ဆရာ၊ ဆရာမများအားလုံးကို မွမ်းမံ သင်တန်းများပေးခဲ့ကာ ကျောင်းအုပ်ကြီးများအားလုံးကိုလည်း စွမ်းရည်မြှင့်သင်တန်းများ ပေးခဲ့ကြောင်းလည်း သိရှိရသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်မှ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များ၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် Mask နှင့် Face Shield များ ထောက်ပံ့ပေးပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း – ရဲကိုကို၊ ဓာတ်ပုံ – ကိုကိုအေး**

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသည့် မြင်ကွင်းများ

၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို စတင်ဖွင့်လှစ်ရာ ဇွန် ၂ ရက်တွင် မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းတက်မှုနှင့် ပညာသင်ကြားနေမှုမြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



ချမ်းအေးသာစံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
တင်လင်းထက်(ပြန်/ဆက်)



ပန်းတနော်မြို့နယ် အထက(၁) တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ရေတာကောင်းမြို့နယ်၌ ကျောင်းတက်လာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
ဧရာ်ကောင်း(ပြန်/ဆက်)



အောင်မြေသာစံမြို့နယ် အမှတ်(၆)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသူလေးတစ်ဦး စိတ်ပါဝင်စားစွာ ပညာသင်ယူနေမှုကို တွေ့ရစဉ်။
မောင်အေးချမ်း



အောင်မြေသာစံမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသူတစ်ဦးအား ကိုယ်အပူချိန်တိုင်းပေးနေစဉ်။
မောင်အေးချမ်း



ထားဝယ်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



နေပြည်တော် အလက(၃)၌ ကျောင်းသား ကျောင်းသူများကို ကိုယ်အပူချိန် တိုင်းပေးနေစဉ်။
သတင်းစဉ်



သရက်ချောင်းမြို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မြို့နယ် (ပြန်/ဆက်)



အင်္ဂပူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
မန်းကျော်(ပြန်/ဆက်)



ပင်းတယမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။
ပင်းတယ (ပြန်/ဆက်)

# ကလေးမြို့နယ်အတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၂၄ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှု များပြားလာသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့် မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၃–၆–၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဩဂုတ် ၁၀ ရက် ပြုလုပ်မည်

**ရန်ကုန် ဇွန် ၂**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ်ဒုတိယပတ်တွင် ပြုလုပ်မည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြန်လည်ပြုလုပ်မည်ဖြစ်ပြီး အသင်းပေါင်း ၁၀ သင်းဖြင့် ကျင်းပသွားမည် ဖြစ်သည်။

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည် ဖြစ်သော်လည်း ကိုဗစ်–၁၉ ကပ် ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ကပ်ရောဂါနှင့် ပြန်လည်ရင်ဆိုင်နေရသော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကို ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါအပေါ်မူတည်၍ ပြိုင်ပွဲကျင်းပမည့်ပုံစံ အတည်ပြုသွားမည် ဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ခြင်းမရှိဘဲ အုပ်စုပွဲများတွင် ပြိုင်ပွဲဝင်အသင်းအနေဖြင့် အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ကပ်ရောဂါကြောင့် ယင်းပုံစံအတိုင်း မကျင်းပနိုင်ပါက အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်၍ ပြုလုပ်သွားဖွယ်ရှိနေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကျင်းပမည့်ပုံစံကို အုပ်စုမဲခွဲမည့်ရက်တွင် အတည်ပြုသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၂ ကြိမ် ကျင်းပထားပြီးဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ထိုင်းအသင်းက ချန်ပီယံဆု ငါးကြိမ်၊ စင်ကာပူအသင်းက ချန်ပီယံဆု လေးကြိမ်၊ ဗီယက်နမ်အသင်းက ချန်ပီယံဆု နှစ်ကြိမ်၊ မလေးရှားအသင်းက ချန်ပီယံဆု တစ်ကြိမ် ရရှိထားသည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ဗီယက်နမ်အသင်းက ချန်ပီယံဆုရရှိခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှု ကြီးကြီးမားမားရယူနိုင်ခြင်းမရှိသေးဘဲ ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲ နှစ်ကြိမ်သာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ရဲရင့်လွင်

## တောင်ပံကစားသမားစတားလင်းကို ခေါ်ယူရေးတွင် လက်ဦးမှုရယူဖွယ်ရှိနေသည့် အာဆင်နယ်

ပရီမီယာလိဂ်ကလပ်အာဆင်နယ်အသင်းသည် အသက် ၂၆ နှစ်အရွယ် ရာဟင်စတားလင်းကို ခေါ်ယူရေးတွင် လက်ဦးမှုရယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း မန်စီးတီးအသင်းသည် စပါးအသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရေးတွင် အသင်းမှ စတားလင်းကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုဖွယ်ရှိနေသည်။ အခြားသတင်းရင်းမြစ်တစ်ခုတွင် မန်စီးတီးအသင်းသည် အဆိုပါ တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရေးတွင် ငွေသားအပြင် အသင်းမှ စတားလင်းနှင့် ဂျီးဆပ်တို့ကိုပါ အလိုက်ပေးကမ်းလှမ်းဖွယ် ရှိနေကြောင်း ဖော်ပြထားသည်။



မန်စီးတီးအသင်းသည် အသင်းမှ ဝါရင့်တိုက်စစ်မှူး ဆာဂျီယိုအဂူရို စပိန်ကလပ် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သွားသည့်အတွက် နည်းပြ ဂွါဒီယိုလာအနေဖြင့် တိုက်စစ်ကစားသမားသစ်တစ်ဦး ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ထို့အပြင် နည်းပြဂွါဒီယိုလာသည် အသင်းတွင် ဖီးလ်ဖိုဒင် ခြေစွမ်းပြကစားလာနိုင်မှုကြောင့် လာမည့်ရာသီတွင် ဦးစားပေးကစားသမားအဖြစ် အသုံးပြုလာဖွယ်ရှိနေပြီး တိုက်စစ်ကစားသမားသစ် ခေါ်ယူရေးတွင် စတားလင်းကို အသုံးချရန် ရည်ရွယ်နေခြင်းလည်း ဖြစ်သည်။

စတားလင်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကျူပီအာရ်လူငယ်အသင်း၌ ရှိနေစဉ်အတွင်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့ဖူးကြောင်း သိရသည်။ သို့သော်လည်း စတားလင်းသည် အာဆင်နယ်အသင်းထက် လီဗာပူးအသင်းသို့ ပေါင်ခြောက်သိန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။ အာဆင်နယ် နည်းပြ အာတီတာသည် မန်စီးတီး တောင်ပံကစားသမား စတားလင်းကို ခေါ်ယူရန် ဆန္ဒရှိနေသောကြောင့် စတားလင်းအနေဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာမလား စိတ်ဝင်စားဖွယ်ရာပင်။

စတားလင်းသည် ၂၀၁၅ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၄၄ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

အောင်ဇော်

## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဘော်လီဘော(အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂**

၂၀၂၁ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ဘော်လီဘော(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁) အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အောင်မြင်စွာ ကျင်းပနိုင်ရေး

ရှေးဦးစွာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ယခုကျင်းပမည့် ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)အားကစားပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်မှ ၂၀ ရက်အထိ လည်းကောင်း ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ ပါဝင်ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၃) ဦးကျော်ဦးက ပြိုင်ပွဲကျင်းပမည့် စည်းမျဉ်းဥပဒေများလိုက်နာနိုင်ရေး၊ ပြိုင်ပွဲ၏ စည်းကမ်းနှင့် အားကစားဆိုင်ရာကန့်သတ်ချက်များကို ဆွေးနွေးပြောကြားသည်။

### ဆွေးနွေး

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ဘော်လီဘောအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြလာသော အချက်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ဖိလစ်ပိုင်နိုင်ငံသို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ သုံးဦးသေဆုံး

**မနီလာ ဇွန် ၂**

အပူပိုင်းမုန်တိုင်း ချိုင်ဝမ်သည် ဖိလစ်ပိုင်နိုင်ငံကို ပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း အစိုးရသဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီက ဇွန်၂ ရက်က ဖော်ပြလိုက်သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်တောင်ပိုင်းတွင် လူပေါင်း ၃၀၀၀ ကျော် မုန်တိုင်းဒဏ်ခံစားခဲ့ရကြောင်းနှင့် တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားလိုက်သည်။

မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သော မနီလာအရှေ့တောင်ပိုင်းဒေသများမှ လူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

မိုးလေဝသဌာနက အပူပိုင်းမုန်တိုင်းသည် အော်ရီရန်တယ်မင်ဒိုရိုကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပွားခဲ့ပြီး ဘာတန်ဂက်စ်ပြည်နယ် အနောက်မြောက်ကမ်းရိုးတန်းသို့ ဦးတည်သွားကြောင်း ဖော်ပြသည်။

မုန်တိုင်းသည် တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်-အနောက်မြောက်ယွန်းယွန်းသို့ ရွေ့လျားသွားပြီး တစ်နာရီလျှင် ၆၅ ကီလိုမီတာမှ ၉၀ ကီလိုမီတာ အထိ တိုက်ခတ်သည်။ အဆိုပါမုန်တိုင်းသည် ဇွန် ၄ ရက်အထိ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

တိုင်ဖွန်းမုန်တိုင်းများနှင့် အပူပိုင်းမုန်တိုင်းများသည် ဖိလစ်ပိုင်နိုင်ငံသို့ ပုံမှန်ဝင်ရောက်တိုက်ခတ်လေ့ရှိရာ လူ့အသက်ပေါင်း ရာကျော်နှင့် အမေရိကန်ဒေါ်လာဘီလီယံချီ ပျက်စီးဆုံးရှုံးစေသည်။ မီးတောင်ကြောတွင် တည်ရှိလျက်ရှိသော ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးအန္တရာယ်ခံရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံ ကိုတာဘာတိုတောင်ပိုင်းကို အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ပျောက်ဆုံးသူတစ်ဦးအား ရှာဖွေနေသည်ကို တွေ့ရစဉ်။

ဆင်ဟွာ

# တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို နီပေါလက်ခံရရှိ

**ခတ္တမန္ဒူ ဇွန် ၂**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လှုပ်ရှားဆောင်ရွက်မှုကို အဓိကဆောင်ရွက်နေသော နီပေါနိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဇွန် ၁ ရက်က ရရှိခဲ့သည်။

တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တင်ဆောင်လာသော နီပေါလေကြောင်းလိုင်းလေယာဉ်တစ်စင်းသည် ပေကျင်းမှ ခတ္တမန္ဒူသို့ ဇွန် ၁ ရက်က ဆိုက်ရောက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် နီပေါ-တရုတ်အကျိုးတူ ပူးပေါင်းသော ဟိမဝန္တာလေကြောင်းလိုင်း လေယာဉ်တစ်စင်းသည်လည်း တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ လှူဒါန်းလိုက်သော နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဇွန် ၁ ရက်က သယ်ဆောင်လာခဲ့သည်။

ယခုလို ခက်ခဲသည့်အချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထောက်ပံ့ခဲ့သည့်အတွက် နီပေါအစိုးရသည် တရုတ်အစိုးရနှင့် တိဗက်ဒေသတို့ကို ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။

နီပေါနိုင်ငံသည် ယခုလို ကိုဗစ် - ၁၉ ကာကွယ်ဆေး အမြောက်အမြား လက်ခံရရှိခဲ့ခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော မတ်လက ပထမအကြိမ်လက်ခံရရှိခဲ့သည်။

မိမိတို့၏ ဦးစားပေးကိစ္စမှာ ယခင်က ကာကွယ်ဆေးထိုးရန် ကျန်ရှိခဲ့သည့် အသက် ၆၀မှ ၆၅ နှစ်ကြားရှိသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရေးပင် ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာန မိသားစုရေးရာဌာနမှ ညွှန်ကြားရေးမှူးက ပြောကြားလိုက်သည်။ မိမိတို့၏ ရည်ရွယ်ချက်မှာ ယခုရောက်ရှိလာသည့်ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပြည်နယ်အတော်များများတွင် ထိုးပေးနိုင်ရေးပင်ဖြစ်ကြောင်း ၎င်းက ပြောသည်။



တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

ဆင်ဟွာ

# အိန္ဒိယ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကြောင့် ဆရာဝန် ၆၀၀ နီးပါး သေဆုံး

**နယူးဒေလီ ဇွန် ၂**

ဧပြီမှ မေလအတွင်း အိန္ဒိယနိုင်ငံ၏ ဒုတိယကြိမ် ကိုဗစ်- ၁၉ ကြောင့် ဆရာဝန် ၅၉၄ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာအဖွဲ့က ဇွန် ၂ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

မြို့တော်ဒေလီသည် ဆရာဝန်သေဆုံးမှု အမြင့်ဆုံးဖြစ်ကာ စုစုပေါင်း ၁၀၇ ဦးသေဆုံးသည်။ ထို့နောက် ဘီဟာတွင် ၉၆ ဦး ဥတရာပရာဒေ့ရှ်တွင် ၆၇ ဦး သေဆုံးကြောင်း သိရသည်။ သို့သော် တကယ့်သေဆုံးမှုသည် လက်ရှိစာရင်းဖော်ပြချက်နှင့် ကွာဟချက်ရှိနိုင်ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာအဖွဲ့က ပြောသည်။

အိန္ဒိယသည် ကိုဗစ် ဒုတိယကြိမ်ကို အဆိုးဆုံးခံစားခဲ့ရပြီး နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးသိန်းအထက်တိုးလာခဲ့သည်။ ထို့အတူ သေဆုံးသူ ၄၀၀၀ ကျော်ရှိသည့် ရက်ပေါင်းအတော်များခဲ့သည်။ သို့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအရေအတွက်နှင့် သေဆုံးသည့်အရေအတွက် ကျဆင်းခဲ့သည်။

ဆင်ဟွာ

# အင်ဒိုနီးရှား ရေငုပ်သင်္ဘော ရှာဖွေမှု အဆုံးသတ်

**ဂျကာတာ ဇွန် ၂**

အင်ဒိုနီးရှားနိုင်ငံသည် ဘာလီတွင် နစ်မြုပ်ခဲ့သော ၎င်း၏ ကေအာရ်အိုင်နန်ဂါလာ - ၄၀၂ ရေငုပ်သင်္ဘောရှာဖွေမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ရေတပ်အရာရှိတစ်ဦးက ဇွန် ၂ ရက်က ပြောလိုက်သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အားတက်သရောကူညီခဲ့ကြသည့် နိုင်ငံတကာမှ ရေတပ်များကိုလည်း ကျေးဇူးတင်ရှိကြောင်း အင်ဒိုနီးရှားရေတပ်က ပြောကြားလိုက်သည်။

ပင်လယ်ကြမ်းပြင်သို့ ရောက်ရှိနေသည့် ရေငုပ်သင်္ဘောကို မတင်ရန် ကြိုးစားခဲ့ကြသည့် သင်္ဘောများကို ကျေးဇူးတင်ရှိကြောင်း ရေတပ်အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။

ရေအောက် ၈၃၈ မီတာအနက်တွင် နစ်မြုပ်နေသည့်သင်္ဘော၏ အရေးကြီးသည့်အစိတ်အပိုင်း သယ်ယူမှုများ ပြီးစီးအောင်မြင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယ၌ ကိုဗစ်ဖြစ်ပွားသူလျော့နည်းလာပြီး ထိုင်းနိုင်ငံတွင် အင်တိုက်အားတိုက် ကာကွယ်ဆေးဖြန့်ဝေ

**ဟောင်ကောင် ဇွန် ၂**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိစဉ် အိန္ဒိယနိုင်ငံတွင် ဇွန် ၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၂၇၈၈ ဦးရှိကြောင်း ဖော်ပြလိုက်သည်။ ထိုင်းနိုင်ငံတွင်လည်း လူထုကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၂၇၈၈ ဦး ပေါင်းထည့်လိုက်လျှင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၀၇၈၃၂ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အပြင် ဇွန် ၁ ရက်အထိ ထပ်မံသေဆုံးသူ ၃၂၀၇ ဦးနှင့်အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း မှာ ၃၃၅၁၀၂ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၁၇၉၃၆၄၅ ဦးရှိပြီး ဇွန် ၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၁၈၇၅ ဦးလျော့နည်းကျဆင်းခဲ့သည်။ ဧပြီလလယ်မှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတိုးလာပြီးနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပမာဏ ငါးရက်ဆက်တိုက်ကျဆင်းခဲ့သည်။



ထိုင်းနိုင်ငံ ဘန်ကောက်၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

ထိုင်းနိုင်ငံတွင်လည်း လာမည့်သီတင်းပတ်တွင် စတင်မည့် လူထုကာကွယ်ဆေးထိုး လှုပ်ရှားဆောင်ရွက်မှုအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံမှာ တစ်အိမ်ထောင်ကလေးသုံးယောက် ယူခွင့်ပြုလိုက်ပြီ

ထွန်းကျော်



ပေကျင်းတွင် အဘိုးအိုတစ်ဦး ကလေးများနှင့်အတူပျော်ရွှင်စွာနေနေသည်ကို တွေ့ရစဉ်။

သန်းခေါင်စာရင်းမှာ သက်ကြီးလူဦးရေ လျင်မြန်စွာတိုးပွားလာတာကို တွေ့ရှိလိုက်ပြီးတဲ့ နောက်မှာတော့ တရုတ်နိုင်ငံဟာ စုံတွဲတွေကို ကလေးသုံးယောက်ယူခွင့် ပြုလိုက်ပါတယ်။ ဒါဟာ ကမ္ဘာ့လူဦးရေ အများဆုံး တရုတ်နိုင်ငံရဲ့ ဆယ်စုနှစ်လေးစုလောက်ကြာအောင် တင်းကျပ်ထားတဲ့ မိသားစုအစီအစဉ်ကို ပြန်လည်ဖြေလျှော့ပေးလိုက်တာပဲဖြစ်ပါတယ်။

**ကလေးမွေးဖွားနှုန်း ဆက်လက်ကျဆင်း**

၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အတင်းကျပ်ဆုံး မိသားစုအစီအစဉ်တစ်ခုဖြစ်တဲ့ သူ့ရဲ့ ကလေးတစ်ယောက်မူဝါဒကို ဖြေလျှော့ပေးလိုက်ပြီး တစ်အိမ်ထောင်ကလေးနှစ်ယောက်ယူခွင့်ပြုလိုက်ပါတယ်။ သက်ကြီးလုပ်သားအင်အား သတ်မှတ်ပမာဏထက် ကျော်လွန်လာပြီး စီးပွားရေးတိုးတက်မှု ဆိတ်သုဉ်းနေတဲ့အတွက်ကြောင့် စိုးရိမ်မှုတွေ မြင့်တက်လာပြီး ဖြေလျှော့ပေးလိုက်တာပဲဖြစ်ပါတယ်။

နှစ်စဉ် ကလေးမွေးနှုန်းဟာ ၂၀၂၀ ပြည့်နှစ်မှာ ၁၂ သန်းအောက်ကို ဆက်လက်လျော့နည်းကျဆင်းနေတယ်လို့ ပေကျင်းစာရင်းအင်းဆိုင်ရာ အမျိုးသားဗျူရိုက ယခုလမှာ ပြောကြားလိုက်ပါတယ်။ လူနေထိုင်မှုစရိတ်တွေ ကြီးမြင့်ခြင်းနဲ့ အမျိုးသမီးတွေအနေနဲ့ မိသားစုအစီအစဉ်တွေကို သူတို့စိတ်ကြိုက်ရွေးချယ်ကြတဲ့အတွက် ကလေးမွေးနှုန်း ကျဆင်းလာရခြင်းပဲ ဖြစ်ပါတယ်။

**ဖြေလျှော့မှုတွေ ထပ်လုပ်သွားမယ်**

တရုတ်နိုင်ငံရဲ့ ကလေးမွေးနှုန်းဟာ ၁ ဒသမ ၃ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒီပမာဏဟာ တည်ငြိမ်တဲ့လူဦးရေကို ထိန်းညှိဖို့အတွက် လိုအပ်တဲ့အဆင့်ထက်တောင် နည်းနေပါသေးတယ်လို့ စာရင်းအင်းဆိုင်ရာ အမျိုးသားဗျူရိုက ဖော်ပြထားပါတယ်။

ပါတီရဲ့ ဩဇာတိက္ကမအကြီးဆုံး ရှီ ဦးဆောင်တဲ့ မေ ၃၁ ရက် ဆွေးနွေးပွဲက မိသားစုအရွယ်အစား ထိန်းချုပ်မှုတွေကိုလည်း နောက်ထပ် ဖြေလျှော့မှုတွေ ထပ်လုပ်ပေးမှာဖြစ်တယ်လို့ ထုတ်ပြန်ဖော်ပြခဲ့ပါတယ်။

**ကလေးသုံးယောက်ယူမယ်**

သက်ကြီးလူဦးရေတိုးပွားလာတာကို ဖြေရှင်းနိုင်တဲ့ ထိရောက်တဲ့ တုံ့ပြန်မှုကတော့ စုံတွဲတစ်တွဲဟာ ကလေးသုံးယောက် ယူလိုက်တာပဲ ဖြစ်ပါတယ်လို့ ဆင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံတော်အဆင့် ပေါ်လစ်ဗျူရိုအဖွဲ့အစည်းအဝေးက ထောက်ပံ့မှုတွေကိုလည်း လုပ်ဆောင်ပေးမယ်လို့ ဆိုထားပါတယ်။ ထောက်ပံ့မှုလို့ဆိုတဲ့နေရာမှာ မီးဖွားခွင့်တိုးမြှင့်ပေးရေး၊ ကမ္ဘာလုံးဆိုင်ရာ ကလေးစောင့်ရှောက်မှုပေးရေး၊ ပညာရေးစရိတ်နှိမ့်ချပေးရေးတို့ လို့ပြောထားသော်လည်း အတိအကျအာမခံသဘောမျိုးတော့ မဟုတ်သေးပါဘူး။

**ချမ်းသာတဲ့သူတွေအတွက်လား**

ဒီကြေညာချက်ဟာ တရုတ်လူမှုမီဒီယာ ပလက်ဖောင်းဖြစ်တဲ့ ဝီဘိုမှာ လှောင်ပြောင်မှုတွေနဲ့ ကြုံတွေ့ခဲ့ပါတယ်။ အလုပ်ချိန်အကြာကြီးလုပ်ရတာတွေ၊ မိုးထိုးနေတဲ့ အိမ်ဈေးတွေ၊ သက်ကြီးဆွေမျိုးတွေကို ထောက်ပံ့ပေးဖို့အတွက် မြင့်တက်လာတဲ့ ဝန်ထုပ်ဝန်ပိုးတွေဟာ ယနေ့လူမှုဘဝကို ဘောင်ခတ်ထားသလိုဖြစ်နေပါတယ်။

၂၁ ရာစုရဲ့ တရုတ်စုံတွဲတစ်တွဲဟာ အဘိုး အဘွား လေးယောက်ကို တာဝန်ယူထောက်ပံ့နေရသလို ကလေးသုံးယောက် လောက်ကိုလည်း ထောက်ပံ့ရဦးမှာလား။ သူတို့ကို နိုင်ငံက သူရဲ ကောင်းဆုပေးမှာလား ဆိုတဲ့ လိုက်ခ် ၃၀၀၀ ကျော်ရတဲ့ မှတ်ချက်တစ်ခုကို ဖတ်လိုက်ရပါတယ်။

တချို့ကတော့ ဒီမူဝါဒဟာ ချမ်းသာတဲ့သူတွေအတွက်ပဲလို့ ဆိုကြပါတယ်။

**ဆင်းရဲတဲ့သူက ကလေးမယူရဲဘူး**

ဆင်းရဲတဲ့သူတွေက ကလေးမယူရဲဘူး။ မျိုးဆက်နှစ်ဆက်လောက်ဆိုရင် ချမ်းသာတဲ့သူတွေကတော့ ကျန်ခဲ့မှာပဲလို့ တချို့ကလည်း မှတ်ချက်ပြု ဖော်ပြထားပါတယ်။ ဆင်ဟွာကဝေမျှထားတဲ့ ကလေးသုံးယောက်မူဝါဒအပေါ် စာဖတ်သူတွေကို မေးမြန်းထားတဲ့ ဝီဘိုရဲ့ စစ်တမ်းတစ်ခုမှာ ပြန်လည်ဖြေဆိုသူ ၂၅၀၀၀ ကျော်လောက်က ကလေးသုံးယောက်ယူဖို့ မစဉ်းစားဘူးလို့ ပြန်လည်ဖြေကြားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အဲဒါကို ပယ်ဖျက်လိုက်ရပါတယ်။

တရုတ်နိုင်ငံရဲ့ လိင်တန်းတူညီမှုဟာ တစ်အိမ်ထောင် ကလေးတစ်ယောက်မူဝါဒကြောင့် ဆယ်စုနှစ်ပေါင်းများစွာ တစ်ဖက်စောင်းနင်းဖြစ်နေပါတယ်။ ရိုးရာအစဉ်အလာအရ သားယောကျ်ားလေးကို ဦးစားပေးတဲ့အတွက် လိင်ရွေးချယ်မှုတွေနဲ့ မိန်းကလေးတွေဆိုစွန့်ပစ်မှုတွေ ရှိခဲ့ပါတယ်။

**ကလေးယူဖို့ မနှစ်သက်ကြ**

တရုတ်နိုင်ငံရဲ့ ကျေးလက်လူနေမှုဘဝမှာ ရက်စက်တဲ့ ဖိအားတွေ ရှိနေတဲ့ ကြားထဲမှာတောင်မှ ဦးစားပေးအကြောင်းအရာတွေ ပြောင်းလဲလာတဲ့ ငယ်ရွယ်တဲ့မိန်းကလေး မျိုးဆက်သစ်တွေဟာ ကလေးယူဖို့ မနှစ်သက်ကြပါဘူး။

ကလေးတစ်ယောက်တောင် မယူနိုင်ဘူးလို့ အသက် ၂၇နှစ်ရှိတဲ့ စီကျန်းပြည်နယ်က မိန်းကလေးကပြောပါတယ်။ ကျွန်မနားမှာနေတဲ့ သူတိုင်းကို ကျွန်မလို ကလေးမရှိစေချင်ဘူးလို့ သူကပြောပါတယ်။

**ကလေးမွေးဖွားနှုန်းတက်အောင် မလုပ်ဆောင်နိုင်**

ကလေးသုံးယောက် မူဝါဒတစ်ခုတည်းနဲ့တော့ တရုတ်နိုင်ငံရဲ့ ကလေးမွေးဖွားနှုန်းကျဆင်းမှုကို ပြန်တက်အောင်မလုပ်နိုင်တာကို ကျွမ်းကျင်သူတွေက သဘောတူခဲ့ပါတယ်။ ကလေးတစ်ယောက်မူဝါဒကို ကျင့်သုံးလာပြီးတဲ့နောက် ဆယ်စုနှစ်အတော်ကြာမှာ အခုလို သက်ကြီးပိုင်းတွေ ပေါ်များလာတာကိုတော့ သတိပေးလိုက်သလိုပါပဲ။

အခုတော့ တချို့မိသားစုတွေဟာ ကလေးအနည်းငယ်လိုချင်လာကြပြီလို့ လန်ဒန်အက်စ်အိုအက်စ်တက္ကသိုလ်ရဲ့ တရုတ်စီးပွားရေးနှင့် ဖွားသေသုတေသီ လော်ရန်ဂျွန်စတန်က ပြောကြားလိုက်ပါတယ်။

**ဖြစ်နိုင်ခြေနည်းနေသေး**

နောက်ထပ် သန်းခေါင်းစာရင်းကောက်ယူတဲ့အခါမှာ တတိယကလေးရှိလာမလားဆိုတဲ့အပေါ် အဖြေကတော့ ဖြစ်နိုင်ခြေနည်းနေသေးတယ်လို့ သူက ပြောပါတယ်။

တရုတ်လူမျိုး သုံးပုံတစ်ပုံဟာ ၂၀၅၀ မတိုင်မီ အသက်ကြီးသွားကြမှာဖြစ်တဲ့အတွက် အဲဒါက တရုတ်နိုင်ငံကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပင်စင်ထောက်ပံ့ပေးမှုအပေါ် ဖိအားတွေ အများကြီးဖြစ်စေမှာပါ။

လက်ရှိမူဝါဒသစ်ဟာ ကလေးမွေးဖွားနှုန်းကို ရုတ်တရက်ကြီး မြင့်တက်လာစေမှာ မဟုတ်ဘူးလို့ လန်ဒန်ကင်းကောလိပ်က နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ကထိက ယီလူက ပြောပါတယ်။ ။

ကိုးကား- အေအက်ဖ်ပီ

▼ **နှစ်စဉ် ကလေးမွေးနှုန်းဟာ ၂၀၂၀ ပြည့်နှစ်မှာ ၁၂ သန်းအောက်ကို ဆက်လက်လျော့နည်းကျဆင်းနေတယ်လို့ ပေကျင်းစာရင်းအင်းဆိုင်ရာ အမျိုးသားဗျူရိုက ယခုလမှာ ပြောကြားလိုက်ပါတယ်။ လူ နေထိုင်မှုစရိတ်တွေ ကြီးမြင့်ခြင်းနဲ့ အမျိုးသမီးတွေအနေနဲ့ မိသားစု အစီအစဉ်တွေကို သူတို့စိတ်ကြိုက်ရွေးချယ်ကြတဲ့အတွက် ကလေးမွေးနှုန်း ကျဆင်းလာရခြင်းပဲ ဖြစ်ပါတယ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၃၂၁၈၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၉၅၄၇၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၆၅၉၄ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၈၅၈ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ကွန်ဟိန်းမြို့နယ် | ၄၄ | ၄၅၇၅၀ | ၂၅၆၉၉ | ၁၅၅၂၂ | ၁၀၆ | ၂၆၅၈ |
| ၂ | မိုင်းရှူးမြို့နယ် | ၄၅ | ၅၂၄၄၄ | ၂၉၂၉၆ | ၁၇၀၁၆ | ၁၀၄ | ၂၀၆၀ |
| ၃ | မောက်မယ်မြို့နယ် | ၃၂ | ၂၂၂၀၃ | ၁၉၈၈၈ | ၁၄၅၀ | ၇၃ | ၁၅၅၀ |
| ၄ | မိုင်းပန်မြို့နယ် | ၂၆ | ၁၃၃၄၆ | ၁၇၄၉၉ | ၁၀၇၂ | ၂၄ | ၅၇၂ |
| ၅ | နမ္မတူမြို့နယ် | ၄၈ | ၃၃၆၅၈ | ၃၂၉၃၆ | ၂၅၇၂ | ၁၆၃ | ၂၇၃၆ |
| ၆ | နမ့်ဆန်မြို့နယ် | ၅၁ | ၄၀၃၈၈ | ၄၇၉၃၁ | ၄၀၇၇ | ၁၂၇ | ၂၅၄၆ |
| ၇ | မန်တုံမြို့နယ် | ၃၇ | ၂၄၃၉၃ | ၂၂၂၂၁ | ၄၈၈၅ | ၉၇ | ၁၇၃၆ |
| | စုစုပေါင်း | ၂၈၃ | ၂၃၂၁၈၂ | ၁၉၅၄၇၀ | ၄၆၅၉၄ | ၆၉၄ | ၁၃၈၅၈ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၈၃ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၄၃၉၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၀၆၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၃၇၄၄၊ မြေပြင်လက်ကျန် ၁၂၃၆၆၇ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၄၃၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၃၅၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကွန်ဟိန်းမြို့နယ် | ၄၄ | ၅၀၅၄၆ | ၂၂၀၇၈ | ၂၈၄၆၈ | ၂၈၆၀၃ | ၈၆ | ၂၂၁ |
| ၂ | မိုင်းရှူးမြို့နယ် | ၄၅ | ၅၇၀၁၅ | ၂၅၃၈၅ | ၃၁၆၃၀ | ၃၁၈၄၂ | ၈၂၂ | ၁၀၃၄ |
| ၃ | မောက်မယ်မြို့နယ် | ၃၂ | ၂၅၉၈၉ | ၁၈၃၈၁ | ၇၆၀၈ | ၇၅၂၄ | ၈၇ | ၃ |
| ၄ | မိုင်းပန်မြို့နယ် | ၂၆ | ၁၅၆၆၄ | ၁၁၂၃၉ | ၄၄၂၅ | ၄၄၂၆ | | ၁ |
| ၅ | နမ္မတူမြို့နယ် | ၄၈ | ၃၅၈၇၈ | ၂၄၃၈၉ | ၁၁၄၈၉ | ၁၁၃၉၈ | ၁၉၁ | ၁၀၀ |
| ၆ | နမ့်ဆန်မြို့နယ် | ၅၁ | ၅၁၀၀၀ | ၂၅၂၃၈ | ၂၅၇၆၂ | ၂၅၅၆၂ | ၂၀၀ | |
| ၇ | မန်တုံမြို့နယ် | ၃၇ | ၂၈၃၀၀ | ၁၃၉၃၈ | ၁၄၃၆၂ | ၁၄၃၁၂ | ၅၀ | |
| | စုစုပေါင်း | ၂၈၃ | ၂၆၄၃၉၂ | ၁၄၀၆၄၈ | ၁၂၃၇၄၄ | ၁၂၃၆၆၇ | ၁၄၃၆ | ၁၃၅၉ |

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၃၆၇၁၂ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၄၆၅၉၄ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း ”ပါ ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၉၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၃၈၅၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၄၁၃၃၀ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၄၀၆၄၈ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၆၈၂ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၁၄၃၆ စောင် ပျောက်ဆုံးနေခြင်း၊

*စာမျက်နှာ ၁၆ သို့*



မိုင်းရှူးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

- ❒ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၃၂၁၈၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၉၅၄၇၀ ဦးဖြစ်၊ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၆၅၉၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၃၈၅၈ ဦး ဖြစ်
- ❒ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၃၆၇၁၂ ဦး ပိုမိုများပြားနေ
- ❒ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း "ပါ ပုဒ်မ ၁၅ (ဂ) တွင် " မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၉၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၃၈၅၈ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ



မောက်မယ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



မိုင်းပန်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၅ မှ*

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၃၅၉ စောင် တွေ့ရှိရခြင်း၊

(ဃ) မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်တွင် ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် ထုတ်ပေး၍ မဲပေးခွင့်ပြုထားခြင်း၊

(င) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(စ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံ မဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင် ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၂ ဦး တွေ့ရှိ

## (၂–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၅,၀၂၀) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၈၂၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၃၈၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၈) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၇) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၀) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၂၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂၄) ခု | (၃၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၂၁) ခု | (၂၁) ဦး |
| စုစုပေါင်း | (၁,၅၉၁) ခု | (၇၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




### ၂-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၁၃၆၇၉၉ | ၂၇၉၄၀၉၁၈ | ၆၁၀၄၃၈ |
| ၂။ | အိန္ဒိယ | ၂၈၃၀၇၈၃၂ | ၂၆၁၇၉၀၈၅ | ၃၃၅၁၁၄ |
| ၃။ | ဘရာဇီး | ၁၆၆၂၅၅၇၂ | ၁၅၀၆၈၁၄၆ | ၄၆၅၃၁၂ |
| ၄။ | ပြင်သစ် | ၅၆၇၇၁၇၂ | ၅၃၅၃၆၃၈ | ၁၀၉၆၆၂ |
| ၅။ | တူရကီ | ၅၂၅၆၅၁၆ | ၅၁၂၄၀၈၁ | ၄၇၆၅၆ |
| ၆။ | ရုရှား | ၅၀၉၀၂၄၉ | ၄၇၀၂၅၉၉ | ၁၂၂၆၇ |
| ၇။ | ဗြိတိန် | ၄၄၉၀၄၃၈ | ၄၂၉၁၄၈၇ | ၁၂၇၇၈၂ |
| ၈။ | အီတလီ | ၄၂၂၀၃၀၄ | ၃၈၆၈၃၃၂ | ၁၂၆၂၂၁ |
| ၉။ | အာဂျင်တီးနား | ၃၈၁၇၁၃၉ | ၃၃၈၁၃၃၇ | ၇၈၇၃၃ |
| ၁၀။ | ဂျာမနီ | ၃၆၉၂၉၀၈ | ၃၅၀၉၆၀၀ | ၈၉၃၁၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၃၁၇၇၃ | ၁၆၈၀၅၀၁ | ၅၀၉၀၈ |
| ဖိလစ်ပိုင် | ၁၂၄၀၇၁၆ | ၁၁၆၇၄၂၆ | ၂၁၁၅၈ |
| မလေးရှား | ၅၈၇၁၆၅ | ၅၀၁၈၉၈ | ၂၉၉၃ |
| ထိုင်း | ၁၆၅၄၆၂ | ၁၁၄၅၇၈ | ၁၁၀၇ |
| မြန်မာ | ၁၄၃၈၂၃ | ၁၃၂၃၈၈ | ၃၂၁၈ |
| စင်ကာပူ | ၆၂၁၀၀ | ၆၁၄၈၁ | ၃၃ |
| ကမ္ဘောဒီးယား | ၃၁၄၆၀ | ၂၄၀၄၂ | ၂၃၀ |
| ဗီယက်နမ် | ၇၈၁၃ | ၃၀၈၅ | ၄၉ |
| လာအို | ၁၉၃၄ | ၁၅၉၉ | ၃ |
| ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

# ရှေးဟောင်းသမိုင်းဝင် ပုဂံဘုရားအား မီးပုလင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မိမိတို့နိုင်ငံသည်ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်သည့် နိုင်ငံဖြစ်ပြီး ဘာသာသာသနာထွန်းကားမှုကို ယူနက် စကိုစာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှိ ဘုရားပုထိုးများက သက်သေပြလျက်ရှိသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသသည် မြန်မာနိုင်ငံ၏ရှည်လျားလှသော ကိုးကွယ်မှုသမိုင်းကို ဖော်ပြနေခြင်းဖြစ်ပြီး နိုင်ငံသားများအားလုံးက ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိသည်။ သို့ရာတွင် လက်ရှိနိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုအပေါ် အမြင်မကြည်သူများက အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပုဂံမြို့သစ် မြင်းကပါကျေးရွာရှိ ရှေးဟောင်းဘုရား၊ ဘုရားအမှတ်(၂၆၅၄) ကို အကြမ်းဖက်သမားများက မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့မှုအခြေအနေကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်တွင် ဘုရားအား မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အောင်ဖုန်းမြတ် (ခ) ဖိုးသား (ခ) အေးချမ်းကိုနှင့် ဝေယံဖြိုး(ခ) ငမော့စ်တို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ကနဦးဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကိုင်ဆောင်သည့် တယ်လီဖုန်းများအတွင်းမှ ဝါးရင်းတုတ်များအား သေနတ်ကဲ့သို့ ကိုင်တွယ်၍ စစ်ရေးလေ့ကျင့်နေပုံများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်လေ့ကျင့်နေပုံများကို ထပ်မံတွေ့ရှိခဲ့ရသည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ထွက်ပြေးလွတ်မြောက်နေသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပုဂံဘုရားအား မီးရှို့ဖျက်ဆီးသည့် ဝေယံဖြိုးနှင့် အောင်ဖုန်းမြတ်ကို ဖမ်းဆီးရမိစဉ်။

# မင်းဘူးမြို့နယ် ကျွန်းပြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မူကြိုကျောင်းအဆောက်အအုံ မီးရှို့ဖျက်ဆီးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွန်းပြားကျေးရွာအုပ်စု ကျွန်းပြားကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်းမှ မူကြိုကျောင်း အဆောက်အအုံသည် ဇွန် ၁ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါစာသင်ကျောင်းအား မီးရှို့ခဲ့သူများမှာ အဆိုပါကျောင်းတွင် အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်အေးမြင့်ရီ (ဘ) ဦးပြုံးနှင့် တိုးဝင်း (ဘ) ဦးကြည်အေးတို့ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာအတွင်းရှိ ၎င်းတို့၏ နေအိမ်များတွင် သွားရောက်ဖမ်းဆီးခဲ့ရာ ကျောင်းများအား မီးရှို့ဖျက်ဆီးမည့် စာသားများ၊ ကျောင်းတက်နေသည့် ကလေးများအား အသက်အန္တရာယ် ခြိမ်းခြောက်ထားသည့် စာသားများပါ စာရွက်များဖြင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူအား တရားဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မင်းဘူးမြို့နယ်၌ မူကြိုကျောင်းကို မီးရှို့ဖျက်ဆီးသူများ ဖမ်းဆီးရမိစဉ်။

## မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂**

မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အဏ္ဏဝါရွာနေ မမေဇင်နှင်းဝေ(ခ) ဇင်မာ(မိ)၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (ဃ)ရပ်ကွက်နေ မျိုးမြင့်နိုင်(ခ)ကိုမျိုး(ခ) အငယ်လေး(မိ)၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ မြို့သစ်(၂)ရပ်ကွက်နေ မထွေးထွေး (တိမ်းရှောင်)နှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ မစုမွန်(ခ) နွယ်နီ(တိမ်းရှောင်)တို့က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ မြို့သစ်(၂)ရပ်ကွက်နေ မ---(၂၆နှစ်)ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်း (ပ)၇၃၂/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၃၁ ရက်တွင် တရားခံ မမေဇင်နှင်းဝေ(ခ)ဇင်မာနှင့် မျိုးမြင့်နိုင် (ခ)ကိုမျိုး(ခ) အငယ်လေးတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**❍ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အစိုးရဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် လှုံ့ဆော်ခြင်းနှင့် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ မသေကျေးရွာအုပ်စု ကံမော်ကြီးကျေးရွာနေ ဒေါ်ခင်ဝင်း(ဘ) ဦးဦးစိန်နှင့် မအိအိထွန်း(ဘ) ဦးမြင့်ထွန်းတို့ နှစ်ဦးကို ဇွန် ၁ ရက်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကရသူရိမြို့နယ်ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မအိအိထွန်း



ဒေါ်ခင်ဝင်း

သတင်းစဉ်

# မုဒုံမြို့နယ်တွင် နွေရာသီ အခြေခံအားကစားသင်တန်းဆင်း



သင်တန်းဆင်းကျောင်းသားများက အခြေခံ မြန်မာ့သိုင်းပညာစဉ်ဖြင့် သရုပ်ပြသစဉ်။

**မုဒုံ ဇွန် ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်အား/ကာကော်မတီက ကြီးမှူးပြီး နွေရာသီ အခြေခံ အားကစား သင်တန်းဆင်းပွဲကို မေလ နောက်ဆုံးပတ်က မုဒုံမြို့နယ် မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နွေရာသီအခြေခံ အားကစား သင်တန်းများကို တက်ရောက်ခဲ့ကြသော သင်တန်းသား သင်တန်းသူများ အားလုံး ရရှိသည့် အားကစားနည်းအလိုက် အခြေခံ အားကစားများကို ဆက်လက်ကြိုးစား လေ့ကျင့်ကြရန်၊ ထူးချွန်သည့် အားကစားသမားကောင်းများ ဖြစ်လာအောင် ဖွဲ၊ လုံ့လ၊ ဝီရိယကြီးစွာနှင့် စွမ်းစွမ်းတမံကြိုးစား လေ့ကျင့်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းကြီးကြပ်၊ နည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့ပြီး မွန်ပြည်နယ် မြန်မာ့သိုင်း ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်သန်းက အခြေခံမြန်မာ့သိုင်း ပြည်နယ်လက်ရွေးစင် မောင်အောင်မြတ်ဖုန်း၊ မြန်မာ့လက်ရွေးစင် မဖူးပွင့်ချိုနှင့် ထူးချွန်သင်တန်းသား သုံးဦးတို့အား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးသည်။ ဆက်လက်၍ အခြေခံမြန်မာ့သိုင်းပညာစဉ်နှင့် Physical Fitness Dance အကတို့ဖြင့် သရုပ်ပြသကြောင်း သိရသည်။

**အာကာလင်း**

---

၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ








အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၄ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၂၅ | ကျပ် | ၁၁၂၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၂၃၃ | ၁၁၀၉၇၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၇၀၆၉ | ၂၄၆၃၈၂၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၀ | ၁၅၆၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁ | ၂၉၅၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဟန်ဆောင်စာချုပ်

ဦးကျော်ကျော်(တရားရေး)

**စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ဘဲ ဟန်ဆောင်စာချုပ်ဖြစ်ပါမူ စာချုပ်ချုပ်ဆိုသူတို့သည် ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေခံ တင်ပြနိုင်သည်။ အကြောင်းမူကား ဟန်ဆောင်စာချုပ်ကို ဥပဒေအရအတည်ပြုခွင့် မရှိသဖြင့် ပဋိညာဉ် မမြောက်သောကြောင့် ဖြစ်သည်။**

အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၁၀-၇-၂၀၁၃ ဒသမနေ့တွင် ဟန်ဆောင်စာချုပ်များနှင့် ပတ်သက်သည့် မေးခွန်းရှစ်ခုကို မေးမြန်းခဲ့ပါသည်။ **ဒေါ်ဒွဲဘူက** မေးမြန်းရာတွင် ဒီဥပဒေပိုင်းဆိုင်ရာလွဲမှား ဆောင်ရွက်မှုတွေကြောင့် ပြည်သူလူထုအတွင်း နစ်နာဆုံးရှုံးမှုများစွာရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရကြောင်း၊ တချို့နစ်နာဆုံးရှုံးမှုများဟာဆိုရင် များပြားလွန်းတဲ့အတွက် အမှုသည်ဖြစ်တဲ့ ပြည်သူလူထုအတွင်းမှာ စိတ်ပိုင်းဆိုင်ရာဝေဒနာတွေ ခံစားသွားရကြောင်း၊ **ဒီအမှုအခင်းများကို စစ်ဆေးနေတဲ့ တရားသူကြီးတွေအပေါ် အထင်အမြင်လွဲမှားမှုတွေ၊ ယုံမှားသံသယဖြစ်မှုတွေလည်း ကြီးထွားလျက်ရှိတယ်ဆိုတာ လေ့လာတွေ့ရှိရကြောင်း၊** ဟန်ဆောင်စာချုပ်များနဲ့ ပတ်သက်ပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် ငွေပြန်မပေးနိုင်တဲ့အခါတွေမှာ တရားရုံးသို့ တိုင်တန်းတာတွေဖြစ်လာကြောင်း၊ တရားရုံးရောက်တဲ့အခါမှာ ငွေရှင်ဘက်ကလည်း ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကို သူ့အနေနဲ့ ဒါတကယ်တော့ ဟန်ဆောင်ဖြစ်ပေမယ့် တကယ့်စာချုပ်ဖြစ်ပါတယ်ဟု တင်ပြကြကြောင်း၊ နောက်တစ်ဖက်ကလည်း ဒီစာချုပ်တွေဟာ သဘောတူလို့ လက်မှတ်ထိုးတာ မဟုတ်ပါဘူး။ တစ်ဖက်က အတင်းလက်မှတ်ထိုးခိုင်းလို့ပါဟု တင်ပြကြကြောင်း၊ ဒါပေမယ့် တကယ်တမ်းကျတော့ ဒီကိစ္စတွေဟာ နဂိုက နှစ်ဖက်သဘောတူပြီးမှ ချုပ်ကြပြီး ငွေရှင်ဘက်က ပိုက်ဆံပေးခဲ့သလို တစ်ဖက်ကလည်းပဲ ငွေရှင်ကို သူတို့ရဲ့အိမ်ဂရန်တွေပေးအပ်ထားကြပါကြောင်း၊ ဥပဒေနဲ့မညီညွတ်တဲ့ ကိစ္စရပ်တွေကို မပြုလုပ်ဖို့ သက်ဆိုင်ရာက အမိန့်ကြေညာချက်တွေ ထုတ်ပြန်သင့်ကြောင်း ပြည်သူလူထုအတွင်း လွဲမှားစွာရှိနေကြတဲ့ ဟန်ဆောင်စာချုပ်များနဲ့ ပတ်သက်ပြီးမေးမြန်းခဲ့ကြောင်း **ဒေါ်ဒွဲဘူထံမှ မှတ်တမ်းများနှင့်တကွ လေ့လာသိရှိခဲ့ရပါသည်။**

### အစစ်အမှန်စာချုပ်မဟုတ်

ဒေါ်ဒွဲဘူ၏ မေးမြန်းချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး **ဦးမြသိမ်း**က ဖြေဆိုရာတွင် ဟန်ဆောင်စာချုပ်ဆိုတာ အစစ်အမှန်စာချုပ်မဟုတ် မရည်ရွယ်ဘဲနဲ့ ဟန်ဆောင်ပြီးချုပ်တဲ့ စာချုပ်ကိုခေါ်တာဖြစ်ကြောင်း၊ ဥပမာ- ငွေချေးငှားတဲ့အမှုများမှာ ငွေချေးယူသူက အာမခံပစ္စည်းတစ်စုံတစ်ရာ မထားဘဲ ငွေချေးတဲ့အခါချေးငွေပြန်မဆပ်လျှင် ဆုံးရှုံးမည်ကို စိုးရိမ်တဲ့အတွက် ငွေရှင်က ငွေချေးစာချုပ်မချုပ်ဘဲ ငွေချေးယူသူပိုင် အိမ်မြေကို ရောင်းတဲ့အနေနဲ့ အရောင်းအဝယ်စာချုပ်အဖြစ် ချုပ်လေ့ရှိကြောင်း၊ တကယ်အရောင်းအဝယ်ပြုလုပ်ရန် ရည်ရွယ်ခြင်းမရှိဘဲနဲ့ ငွေပြန်ဆပ်တဲ့အခါမှာ စာချုပ်ကိုပယ်ဖျက်ကြကြောင်း၊ ငွေပြန်မဆပ်ရင်တော့ စာချုပ်အရ ဝယ်ထားတဲ့အိမ် ရလိုမှုဆိုပြီးတော့ တရားစွဲကြကြောင်း၊ ယခုအခါမှာ အဲဒီလိုဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ငွေချေးငှားတဲ့အမှုတွေ အလွန်များပြားနေတာကို တွေ့နေကြောင်း၊ ငွေချေးယူစဉ်မှာ ချေးယူသူများက ငွေရဖို့သာအဓိကဖြစ်ပြီး စာချုပ်မှာ အလွယ်တကူ လက်မှတ်ရေးထိုးပေးတတ်ကြကြောင်း၊ မိမိပိုင်အိမ်ကို ရောင်းတယ်လို့ရေးထားလည်း ဘာမှမစဉ်းစားတော့ဘဲ ငွေရရင်ပြီးရော လက်မှတ်ရေးထိုးကြတာ တွေ့ရကြောင်း၊ သက်သေတွေရှေ့မှာပဲ လက်မှတ်ထိုးကြတာဖြစ်လို့ ငွေချေးသူက နောင်ဖြစ်လာမယ့်ပြဿနာကို မစဉ်းစားဘဲ စာချုပ်ကိုလွယ်လွယ်နဲ့ လက်မှတ်ရေးထိုးပြီး ငွေချေးယူကြခြင်းဖြစ်ကြောင်း၊ အမှုဖြစ်လာတဲ့ အခါကျတော့မှ ငွေချေးယူသူတွေက ဒါဟာအစစ်အမှန် အရောင်းအဝယ်စာချုပ်မဟုတ်ဘဲ အတိုးနဲ့ငွေချေးတာဖြစ်ကြောင်း၊ ချေးငွေအပေါ်အတိုးအရင်းပေါင်းပြီး အရောင်းအဝယ်စာချုပ်အဖြစ် ချုပ်ဆိုပေးရခြင်းဖြစ်ပါတယ်လို့ ထုချေတတ်ကြကြောင်း။

တချို့ကျတော့လည်း တံဆိပ်ခေါင်းအလွတ်စာချုပ်ပေါ်မှာ လက်မှတ်ရေးထိုးပေးရပါတယ်လို့ တောင် ထုချေကြတာမျိုးတွေရှိကြောင်း၊ ငွေယူထားသူက ငွေပြန်မပေးတဲ့အခါ ငွေပေးသူက ချုပ်ဆိုထားတဲ့ အရောင်းအဝယ်စာချုပ်ကို အကြောင်းပြုပြီး အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုကြကြောင်း၊ အဲဒီလိုအမှုမျိုးမှာ တရားရုံးကို သက်သေခံအဖြစ် တင်ပြတဲ့ စာချုပ်ဟာ အဓိကကျတဲ့ အချက်ဖြစ်ကြောင်း၊ စာချုပ်မှာ အရောင်းအဝယ်လုပ်တယ်လို့ အတိအလင်းဖော်ပြထားကြောင်း၊ စာချုပ်ချုပ်ဆိုသူ နှစ်ဖက်လုံးက စာချုပ်ချုပ်ဆိုတာကို မငြင်းကြကြောင်း၊ စာချုပ်ပေါ်ကလက်မှတ် မှန်ပါတယ်လို့ တောင်ဝန်ခံထားကြကြောင်း တရားပြိုင်ဘက်ကလည်း အတိုးနဲ့ငွေချေးတာပါ။ ရောင်းတာမဟုတ်ပါဘူးလို့ တင်ပြပေမယ့် သူ့ထွက်ချက်ကလွဲပြီး သက်သေထင်ရှားမပြနိုင်တဲ့ အမှုမျိုးမှာ တရားရုံးက ဒီစာချုပ်က အမှန်တကယ်ချုပ်ဆိုတဲ့ အရောင်းအဝယ်စာချုပ် အစစ်အမှန်ဖြစ်တယ်လို့ ဆုံးဖြတ်ချက်မှတစ်ပါး အခြားဆုံးဖြတ်ဖို့ မရှိတော့ကြောင်း၊ အမှန်တကယ်အရောင်းအဝယ်စာချုပ်လို့ ဆုံးဖြတ်လိုက်ရင် တရားစွဲတဲ့တရားလို အနိုင်ရရှိသွားကြောင်း၊ အဲဒီအခါမှာ တရားရုံးက ငွေရှင်ဘက်လိုက်ပြီး အနိုင်ပေးတယ်လို့ စွပ်စွဲခံကြရကြောင်း၊ တရားရုံးမှာ အမှုဆိုင်ကြတဲ့အခါ တရားပြိုင်ဘက်က ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း အထောက်အထားအခိုင်အမာနဲ့ တင်ပြနိုင်သဖြင့် တရားလိုဟာ ငွေတိုးချေးစားသူဖြစ်သည်ကို သက်သေခံစာရွက်စာတမ်းများ၊ နှုတ်သက်သေခံများ တင်ပြနိုင်တဲ့ အမှုမျိုးကျတော့ တရားလိုဘက်က တင်ပြတဲ့ အရောင်းအဝယ်စာချုပ်ဟာ အမှန်တကယ် ရောင်းဝယ်ရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုထားတာ မဟုတ်ဘဲ ငွေတိုးချေးစားတာကို ဖုံးကွယ်ပြီး ဟန်ဆောင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုထားတာ ဖြစ်တယ်လို့ တရားရုံးက အဆုံးအဖြတ်ပေးပြီး တရားလိုစွဲဆိုတဲ့အမှုကို အရှုံးပေးရကြောင်း၊ ဟန်ဆောင်စာချုပ်ဟာ အတည်ပြုလုပ်ခွင့်မရှိသဖြင့် ပဋိညာဉ် မမြောက်ကြောင်း။

ဟန်ဆောင်စာချုပ် ချုပ်ဆိုတဲ့ အမှုမျိုးပေါ်ပေါက်လာရခြင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ တင်ပြတဲ့အတိုင်း စတင်ငွေချေးစဉ်ကပင် နှစ်ဦးနှစ်ဖက်လုံးက မှန်ကန်တဲ့ နည်းလမ်းအတိုင်းမဟုတ်ဘဲ လိမ်လည်ဆောင်ရွက်ကြတဲ့အတွက်ဖြစ်ကြောင်း၊ တကယ်တော့ ဒီလိုအမှုမျိုးတွေ မဖြစ်ပွားသင့်ကြောင်း၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကလည်း ဥပဒေနဲ့ မညီတဲ့လုပ်ရပ်တွေကို အားမပေးသင့်ကြောင်း၊ ငွေရှင်ကြေးရှင်များကလည်း ဥပဒေနဲ့မညီတဲ့ နည်းလမ်းနဲ့ အသားစီးမယူသင့်ကြောင်း၊ ငွေချေးယူသူများကလည်း လတ်တလောငွေရရင် ပြီးရောဆိုပြီး လက်လွှတ်စပယ် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် မချုပ်ဆိုသင့်ကြောင်း၊ စာချုပ်မှာ ခြိမ်းခြောက်သွေးဆောင် ဖြားယောင်းခြင်း မရှိဘဲ မိမိတို့ရဲ့ လွတ်လပ်တဲ့ သဘောဆန္ဒအရ လက်မှတ်ရေးထိုးရတယ်လို့ဖော်ပြပြီး လက်မှတ်ရေးထိုးခဲ့ရင် မိမိမှာ တာဝန်ရှိသွားပြီဆိုတာကိုလည်း နားလည်သဘောပေါက်သင့်ကြောင်း၊ နှစ်ဦးနှစ်ဖက်က ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ကြမယ်ဆိုရင် ဒီလိုအမှုမျိုးဖြစ်ပွား ပေါ်ပေါက်ရန် မရှိကြောင်း၊ (၁) နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် သခင်ပေါ်ညွန့်ပါ၇အမှု၊ (၂) ဦးပြုံးပါ၂ နှင့် ဦးငွေထွန်းပါ၂ အမှု၊(၃) ဦးရွှေတင် (၎င်း၏ ကိုယ်စားလှယ် စာရသူ ဦးခင်မောင်)နှင့် ဦးအောင်တင့်အမှု၊ (၄)ဦးထွန်းချစ်နှင့် ဦးစိုးနိုင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဆယ်ရာထွန်း)အမှုတို့တွင် ဟန်ဆောင် အိမ်မြေအရောင်းအဝယ်စာချုပ်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ ပြည့်ပြည့်စုံစုံဖော်ပြပြီးဖြစ်သဖြင့် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်ထုတ်ရန် မလိုအပ်ကြောင်း၊ ဟန်ဆောင်အရောင်းအဝယ်စာချုပ်ဖြင့် ငွေချေးငှားမှုများတွင် ငွေချေးငှားသူသည် အမှုပုံစံ မှန်ကန်စွာဖြင့် တရားစွဲဆိုခြင်းမပြုပါက အမှုရှုံးမည် ဖြစ်၍ နစ်နာနိုင်ကြောင်း ဖြေကြားခဲ့ပါသည်။

**❑ မိမိတို့ချုပ်ဆိုသော ပဋိညာဉ်များသည် အမှတ်မထင်ဘဲ ဟန်ဆောင်စာချုပ်များအဖြစ် ရောက်ရှိမသွားရလေအောင် သတိပြုဆောင်ရွက်နိုင်ရန်အတွက် ဟန်ဆောင်စာချုပ်နှင့် ဥပဒေနှင့်ညီညွတ်သော စာချုပ်တို့ကို ခွဲခြားလေ့လာသိရှိထားရန်လိုအပ်**

ဟန်ဆောင်စာချုပ် ဟုတ်မဟုတ်ဆိုသည်ကို ထိုစာချုပ်နှင့်ပတ်သက်၍ ပေါ်လွင်ထင်ရှားလျက်ရှိသည့် သက်သေခံချက်များနှင့်တကွ ဝန်ခံထားသည့်အချက်များက မည်ကဲ့သို့သဘောသက်ရောက်ကြောင်း ဥပဒေအချက်အလက်များနှင့် ယှဉ်၍ စိစစ်သုံးသပ်ရန်ဖြစ်သည်။

### အခြေခံစွဲဆိုသော အမှု

အမှုမှာ ချေးငွေကို အိမ်မြေအရောင်းအဝယ်စရန်ပေးငွေအဖြစ် ဖန်တီးထားသည့် ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆိုသော အမှုဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဟန်ဆောင်ချုပ်ဆိုထားသော စာချုပ်နှင့် ပတ်သက်၍ စွဲဆိုသောအမှုကို ခိုင်မာသော အခြေခံမရှိသဖြင့် ပလပ်ရန်ဖြစ်ကြောင်း **ဦးသိန်းဟန်နှင့် ဦးဘသိုက်ပါ၂ အမှု၊ ဦးခွေးနှင့် ဦးအေးပါ ၂ အမှုတို့တွင် ညွှန်ပြထားသည်။**

စာချုပ်တစ်ခုသည် အရောင်းစာချုပ်ဖြစ်သလား၊ အပေါင်စာချုပ်ဖြစ်သလားဆိုသည့် ပြဿနာနှင့် ပတ်သက်၍ စာချုပ်၌ဖော်ပြထားသော စကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာ ဆုံးဖြတ်ရမည်ဖြစ်သည်။ ရောင်းချကြောင်း အတိအလင်းဖော်ပြထားပါက ရောင်းချခြင်း မဟုတ်ဘဲ ပေါင်နှံခြင်းသာဖြစ်သည်ဟု ဆိုလာလျှင် ထိုကဲ့သို့ အဆိုပြုသူအပေါ်၌ ယင်းအဆိုပြုချက်ကို ထင်ရှားအောင်ပြသရန် တာဝန်ကျရောက်ပေသည်။ **ဦးအောင်မင်းကြည်ပါ၂ (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သန်းသန်းဌေး)နှင့် ဦးသက်အောင်ပါ ၃ အမှု၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် သခင်ပေါ်ညွန့်ပါ ၇ အမှု။**

သဘောတူညီချက်နှင့် ရည်ရွယ်ချက်သည် (၁) တရားဥပဒေအရ တားမြစ်ထားသည့်အချက်၊ (၂) အကယ်၍ခွင့်ပြုလျှင် တရားဥပဒေပါပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်၊ (၃) လိမ်လည်လှည့်ဖြားရာ ရောက်သည့် အချက်၊ (၄) သူတစ်ပါး၏ ကိုယ်(သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်၊ (၅) ကျင့်ဝတ်တရားပျက်ပြားသည့် သို့မဟုတ် အများပြည်သူဆိုင်ရာဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက်တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်ညီကြောင်း ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားသည်။

စာချုပ်ချုပ်ဆိုရာတွင် လက်မှတ်ရေးထိုးခြင်း မှန်ကန်ကြောင်း အထမြောက်ရန် (၁) အနည်းဆုံး သက်သေ နှစ်ဦးရှိရမည်။ (၂) သက်သေတိုင်းက စာချုပ်၌ စာချုပ် ချုပ်ဆိုသူလက်မှတ်ရေးထိုးသည်ကိုဖြစ်စေ၊ အမှတ်အသားပြုသည်ကိုဖြစ်စေ တွေ့မြင်ရမည် သို့မဟုတ် စာချုပ်ချုပ်ဆိုသူက မိမိလက်မှတ် သို့မဟုတ် အမှတ်အသားဖြစ်ကြောင်း ဝန်ခံပြောဆိုသည်ကို ကြားသိရမည်။ (၃) သက်သေတိုင်းက စာချုပ်ချုပ်ဆိုသူ၏ရှေ့တွင် လက်မှတ်ရေးထိုးရမည်ဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံရန်လိုကြောင်း **ဦးစိုးအောင်နှင့် ဒေါ်ခင်ခင်လှပါ၂ (ကွယ်လွန်သူ ဒေါ်ဖွားသက်၏ တရားဝင်ကိုယ်စားလှယ်များ)အမှု**တွင် လမ်းညွှန်ထုံးဖွဲ့ထားကြောင်း တွေ့မြင်နိုင်သည်။

### ကတိအတိုင်းဆောင်ရွက်ကြရမည်

ဤဥပဒေပါပြဋ္ဌာန်းချက်များအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ မဆောင်ရွက်ဘဲ နေခွင့်ရှိသည့် သို့မဟုတ် ဆောင်ရွက်ခြင်းမှ ခွင့်လွှတ်သည့်ကိစ္စမှတစ်ပါး ပဋိညာဉ်ပြုလုပ်သူတို့သည် အသီးသီးပြုလုပ်ခဲ့သော ကတိအတိုင်းဆောင်ရွက်ကြရမည်၊ သို့မဟုတ် ဆောင်ရွက်မည်ဟု ကမ်းလှမ်းရမည်။ ကတိအတိုင်းမဆောင်ရွက်ရမီ ကတိပြုသူ သေဆုံးလျှင် ထိုသူ၏ကိုယ်စားပြုသူတို့အပေါ် ထိုကတိအတည်ဖြစ်ကြောင်း **ပဋိညာဉ်ဥပဒေပုဒ်မ ၃၇ တွင်** ပြဋ္ဌာန်းထားသည်။

ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် ဆုံးရှုံးရသည့် သို့မဟုတ် နစ်နာရသည့်အတွက် ချိုးဖောက်ခြင်းခံရသူသည် ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် သဘာဝအလိုက်ဖြစ်မြဲ ဖြစ်ပေါ်သည့်အတိုင်းဖြစ်စေ၊ ပဋိညာဉ်ပြုစဉ်က ပြုလုပ်သူများအနေဖြင့် ပဋိညာဉ်ချိုးဖောက်လျှင် ပေါ်ပေါက်လာမည်ဟု သိရှိကြသည့် နစ်နာမှုရဖြစ်စေ ပဋိညာဉ်ချိုးဖောက်သူထံမှ လျော်ကြေးရထိုက်ကြောင်း **ပဋိညာဉ်ဥပဒေပုဒ်မ-၇၃** တွင် ပြဋ္ဌာန်းထားသည်။

ပဋိညာဉ်ပြုသူတို့သည် ပဋိညာဉ်ပါတာဝန်များကို ကျေပွန်ရန်အတွက် ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိပေသည်။ ဥပဒေနှင့်ညီညွတ်သည့် သဘောတူညီချက်သည် ဥပဒေနှင့်ညီညွတ်သော တာဝန်ကို ဖန်တီးသည့်အလျောက် ထိုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်းမပြုသရွေ့ ယင်းတာဝန်သည် သဘောတူညီသူအပေါ် တည်မြဲနေမည်ဖြစ်သည်။

ပဋိညာဉ်ချုပ်ဆိုသူများအနေဖြင့် ပဋိညာဉ်ပါအခွင့်အရေးနှင့် တာဝန်များကို ဥပဒေနှင့်အညီ ခံစားခွင့်ရရှိကြစေရန်နှင့် မိမိတို့ချုပ်ဆိုသော ပဋိညာဉ်များသည် အမှတ်မထင်ဘဲ ဟန်ဆောင်စာချုပ်များအဖြစ် ရောက်ရှိမသွားရလေအောင် သတိပြုဆောင်ရွက်နိုင်ရန်အတွက် ဟန်ဆောင်စာချုပ်နှင့် ဥပဒေနှင့်ညီညွတ်သော စာချုပ်တို့ကို ခွဲခြားလေ့လာသိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

အဆိုပါ ဟန်ဆောင်စာချုပ်များကြောင့် ပြည်သူများနစ်နာရခြင်း၊ တရားစီရင်ရေးအပေါ် ယုံမှားသံသယဖြစ်ခြင်းများမှ ကင်းဝေးစေရန်နှင့် ဥပဒေနှင့်ညီညွတ်သော ပဋိညာဉ်စာချုပ်များချုပ်ဆိုရာတွင် အလွယ်တကူလေ့လာ အသုံးပြုနိုင်စေရန် စုဆောင်းတင်ပြအပ်ပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ




**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အမှတ်စဉ်(၃/၂၀၂၁)အစည်းအဝေးကို မေ ၃၁ရက်က မုံရွာမြို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့်လည်း မိမိတို့တိုင်းဒေသကြီး အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ကောင်းမွန်စွာ အသုံးချနိုင်ရေး အဓိကထားရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး၏ ဦးစားပေးကဏ္ဍတစ်ခုဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအား အလုပ်အကိုင်များ ဖန်တီးပေးနိုင်အောင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာအောင် ကော်မတီအနေဖြင့် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ အနေဖြင့် လယ်ယာထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသုံးခု ရင်းနှီးမြှုပ်နှံမှု ပမာဏ ငွေကျပ် ၅၀၃၂ ဒသမ ၂၂၅ သန်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သွားနိုင်ရေးကို အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်ဦးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Snacks Mandalay Co., ltd. မှ MD ဦးပြည့်ဖြိုးအေးက လယ်ယာထွက်ကုန်များ လျင်မြန်စွာ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြိုင်ဆိုင်မှုအတွက် အထောက်အပံ့များစွာ ဖြစ်စေသော ပဲအမျိုးမျိုး၊ နှမ်းအမျိုးမျိုး၊ ကြက်သွန်စသည့် လယ်ယာထွက်သီးနှံအမယ်သစ် ပြုပြင်ထုတ်လုပ်သွားမည့် အခြေအနေများနှင့် လယ်ယာထွက်သီးနှံအမယ်သစ် ပြုပြင်ထုတ်လုပ်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ကော်မတီဝင်များက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မိုးနဲမြို့၌ ပဉ္စမအကြိမ်မြောက် နှစ် ၃၀ နှစ်ရှည် မြို့မြေငှားဂရန် ပေးအပ်

**မိုးနဲ ဇွန် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်တွင်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မြို့မြေတိုင်းတာရေး စီမံချက်အရ ပေါ့မိုင်းရပ်ကွက် အကွက်အမှတ် (၁၃) တွင် မြေယာပိုင်ဆိုင်မှု စာရင်းကောက်ယူခဲ့ပြီး နှစ်ရှည်မြို့မြေငှားဂရန် ပဉ္စမအကြိမ်မြောက် ပေးအပ်ပွဲကို မေ ၃၁ က မြို့နယ်ကမ္ဘောဇခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး နှစ်(၃၀) နှစ်ရှည် မြေငှားဂရန်ကတ် ၂၀ ကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မိုးနဲမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းညွန့်ဦးနှင့် တာဝန်ရှိသူများက မြေယာပိုင်ဆိုင်သူ အိမ်ထောင်ဦးစီးများ၏ လက်ဝယ်အရောက်ပေးအပ်ကြသည်။

အဆိုပါ နှစ် (၃၀) နှစ်ရှည်မြေငှားဂရန်များကို မြေငှားဂရန်လျှောက်ထားသူများ၏ မြေပြင်တည်ရှိမှု အခြေအနေ ၊မြေရာဇဝင်မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး ပြည့်စုံကိုက်ညီမှုရှိသောမြေယာများကို ပဉ္စမ အကြိမ်မြောက်အဖြစ် မြေငှားဂရန်များထုတ်ပေးခြင်းဖြစ်ကြောင်းနှင့် ယနေ့အထိ စီမံချက်ဖြင့် ဆောင်ရွက်ပေးသော နှစ်ရှည် မြေငှားဂရန် ကတ်စုစုပေါင်း ၁၀၄ ကတ်ကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရ သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ပန်းခင်းစီမံချက်ဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများပေးအပ်

**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မေ ၃၁ ရက်က ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် နေထိုင်လျက်ရှိကြသော အသက် ၁၈ နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်အားလုံး မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး အတွက် တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ဖြစ်မြောက်စေရန် ရည်ရွယ်ချက်နှင့် တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ၄၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကောင်စီအဖွဲ့ဝင် ၁၊ တိုင်းဒေသကြီး ကောင်စီအဖွဲ့ဝင် ၄ တို့က ပုသိမ်၊ ကန်ကြီးထောင့်၊ ရေကြည်၊ ငပုတော၊ ကျုံပျော်၊ ကျောင်းကုန်း၊ သာပေါင်းတို့မှ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်ကာယကံရှင်များကို အိမ်ထောင်စု စာရင်းများနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်သည်။

ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် မေ ၃ ရက်မှ ၃၀ ရက်အတွင်း လူဦးရေနှင့် အိမ်ထောင်စုစာရင်း ၁၂၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၇၀ တို့ကို လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ပြီး တိုင်းဒေသကြီးအတွင်း ကျန်ခရိုင်နှင့် မြို့နယ်များတွင်လည်း စီမံချက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ဖားကန့်မြို့နယ် ရှုဒူဇွပ်ချောင်းရှင်းလင်းရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဇွန် ၂**

နှစ်စဉ်မိုးရာသီတွင် မိုးကောင်းချောင်းရေမြင့်တက်မှုကြောင့် ဖားကန့်မြို့နယ်အတွင်းရှိ မြစ်ကြီးနား-တနိုင်းသွား လီဒိုလမ်းမပေါ်ရှိ ရှုဒူဇွပ်ကျေးရွာတွင် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းသည့် ရှုဒူဇွပ် (မိုးကောင်းချောင်း) ရှင်းလင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေ ၃၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ညှိနှိုင်း ဆွေးနွေးကြသည်။

ချောင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် အဓိကအားဖြင့် သစ်တောသစ်ပင်ပြုန်းတီးမှု၊ ရွှေ၊ သတ္တုတူးဖော်ထုတ်လုပ်မှုတို့ကြောင့် နှစ်စဉ်ကြုံတွေ့ရလေ့ရှိကြောင်း၊ ဖားကန့်မြို့နယ်အတွင်းရှိ ရှုဒူဇွပ်ကျေးရွာသည်လည်း နှစ်စဉ်ချောင်းရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်မှုများကြုံတွေ့နေရသဖြင့် ချောင်းရှင်းလင်းရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီအနေဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြေပြင်အခြေအနေကို ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ချောင်းရှင်းလင်းရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ထွန်းရတနာစိမ်းကုမ္ပဏီမှ တာဝန်ခံက ၂၀၂၀ ပြည့်နှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ချောင်းရှင်းလင်းရေးကို နေရာခြောက်ခုတွင် အပိုင်းခြောက်ပိုင်းခွဲ၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ချောင်းကောက်ကွေ့သောနေရာများတွင် ရေလွှဲမြောင်းဖောက်လုပ်သွားမည့် အစီအစဉ်များနှင့် လိုအပ်ချက်အခက်အခဲများကို တင်ပြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ချောင်းရှင်းလင်းရေးလုပ်ငန်းများအပေါ် စီမံချက်ရေးဆွဲ၍ စနစ်တကျဖြင့် ရှင်းလင်းဆောင်ရွက်နိုင်ရေးကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ချောင်းရှင်းလင်းရေးလုပ်ငန်းကို ချောင်းများ၏ မြေပြင်အနေအထား၊ ချောင်းရေစီးဆင်းမှုအခြေအနေများကို သေချာစွာ စနစ်တကျကွင်းဆင်း စစ်ဆေးတိုင်းတာ၍ ဆောင်ရွက်ရန်လိုသည့်အတွက် လုပ်ငန်းများခေတ္တရပ်ဆိုင်းပြီး ဌာနဆိုင်ရာများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဘာသာ သာသနာကို အရောင်မဆိုးကြလေနှင့် ...

**စာချစ်သူ**

**တစ်နေ့က ကြုံရဆုံရသည့်အဖြစ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ဘယ်နိုင်ငံရောက်နေသည်ဟုပင် ဝေခွဲမရတော့။ ကဆုန်လပြည့် (ဗုဒ္ဓနေ့) က ကျွန်တော်တို့မိသားစု ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။ ပြီးခဲ့သည့်နှစ် ကိုဗစ်ကပ်ရောဂါဆိုးကြီးစတင်ကူးစက်ဖြစ်ပွားခဲ့စဉ်ကစ၍ တို့ဘုရားကို တို့များမဖူးရသည်မှာ ကြာပြီမို့ နေအိမ်ကစထွက်ကတည်းက အထူးရွှင်လန်းတက်ကြွနေသည်။**

မိသားစုက များသည်မို့ တက္ကစီအငှားယာဉ် နှစ်စီးခွဲငှားရသည်။ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၌ စုရပ်ပြုထားသည်။ လူအားလုံးစုံ၍ ဓာတ်လှေကားပေါ်တက်တော့ အစ်မတစ်ဦး၏ မျက်နှာက မကြည်မသာနှင့် စိတ်ရှုပ်နေဟန်။ အကြောင်းရင်းကို မေးကြည့်တော့ သူတို့ ငှားလာသည့် တက္ကစီယာဉ်မောင်းက **"အစ်မတို့ ဒီလိုအချိန်မျိုးမှာ ဘုရားမသွားသင့်ဘူး။ တွေ့လား၊ ကျောင်းတွေတောင် ဘယ်သူမှမအပ်ကြဘူး။ ကျွန်တော်တို့နိုင်တော့မှာ"** ဟုဆို၍ ဖြစ်သည်။

အန္တိဘူတော အယံလောကော၊ လောကကြီး တစ်ခုလုံး အမိုက်မှောင်ဖုံးလေပြီ။ ဘုရားပရိဝုဏ် အတွင်းမို့ သတိကပ်၍ စိတ်ကိုထိန်းလိုက်ရသည်။ ညဘက်ရောက်တော့ တို့ ဘုရားကို တို့များဖူးရပြီမို့ ကြည်နူးသော ပီတိသောမနစိတ်ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ပုံတော်နှင့် မိသားစုအမှတ်တရဓာတ်ပုံလေးများကို လူမှုကွန်ရက်စာမျက်နှာပေါ် တင်မိသည်။

ထိုသောအခါ **"ဘုရားသွားတဲ့ပုံတွေ အခုအချိန်မှာမတင်ပါနဲ့။ လူတွေက တစ်မျိုး ထင်လိမ့်မယ်"**ဟု စိုးရိမ်သောလေသံဖြင့် အစ်မတစ်ဦးက ဆိုပြန်သည်။

စိတ်ထဲမသက်မသာဖြစ်ရပြန်သည်။ ပါးစပ်ကလည်း လွှတ်ခနဲထွက်သွားသည်။

**"ကျွန်တော်တို့ ဘယ်နိုင်ငံမှာ နေနေတာလဲ"**

အစ်မက ဘာမျှမပြောတော့ပါ။

ကျွန်တော်လည်း ဆက်မပြောချင်တော့ပါ။

သို့တစေ အတွေးတို့ကား မရပ်မနား။

> ◆ **ဗုဒ္ဓနေ့ကို အလေးအနက်ထားပြီး လုပ်သင့်တယ်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်ကြောင့် တချို့နိုင်ငံတွေမှာဆိုရင် ဝေဆာခ်ပွဲတော်ဆိုပြီး တော်တော်လေး ကြီးကြီးကျယ်ကျယ်လုပ်နေကြပြီ။ အခုမြန်မာပြည်မှာတော့ လုပ်တာသိပ်မတွေ့သေးဘူး ပေါ့နော်။ လုပ်သင့်လုပ်ထိုက်တယ်ပေါ့။ သူများတွေလုပ်လုပ် မလုပ်လုပ် ကိုယ့်ဗုဒ္ဓဘာသာဝင်တွေကနေပြီးတော့ အထူးတလည် ကိုယ်တတ်နိုင်တဲ့ ရှုထောင့်ကနေပြီးတော့ လုပ်သင့်**

### အတိတ်သမိုင်းမြင်ကွင်းများ

၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရွှေတိဂုံကုန်းတော်၌ တပ်စွဲနေသော အင်္ဂလိပ်တပ်များကို ရန်ကုန်မြို့သို့ စုန်ဆင်းလာသော ကျီဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်၊ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ၊ လက်ယာဝင်းမှူးမင်းကြီး မဟာမင်းခေါင်၊ မြင်းစုဝန်ကြီး သီရိမဟာဇေယျသူတို့ ကြီးကြပ်သော မြန်မာရဲမက်တပ်သား ၂၅၀၀၀ ကျော်ပါ မြန်မာတပ်ကြီးက ချဉ်းကပ်တိုက်ခိုက်ခဲ့သည့် အတိတ်သမိုင်းမြင်ကွင်းများကား တဖျတ်ဖျတ်။

ရွှေတိဂုံဘုရားအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ သစ်တောအတွင်းမှ အလံမျိုးစုံ၊ စစ်တံခွန်မျိုးစုံ လွှင့်ထူကာ ချီတက်ထွက်ပေါ်လာသော အင်အားကြီးမားသည့် မြန်မာတို့၏ စစ်ကြောင်းများ၊ အင်္ဂလိပ်တို့၏ ဗုံး၊ အမြောက်တို့ဒဏ်ကြောင့် စစ်ဦးပြိုကျပြီး ရွှေတိဂုံကုန်းတော် မြောက်ဘက် စစ်မျက်နှာတိုက်ပွဲတွင် ၅၀၀၀ နီးပါးမျှ ကျဆုံးခဲ့ရသော ရှေးခေတ်မြန်မာသူရဲကောင်းရဲမက်များ၏ ပုံရိပ်များကား ဖျတ်ခနဲ၊ ဖျတ်ခနဲ။

မြန်မာတစ်နိုင်ငံလုံး ကိုယ့်မင်းကိုယ်ချင်းဘဝ ကျဆုံး၍ ဗြိတိသျှလက်အောက်သို့ လုံးဝကျရောက်သွားခဲ့ပြန်တော့လည်း မြန်မာတို့သည် အမျိုးဘာသာသာသနာ ကွယ်ပျောက်မသွားစေရန် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြန်ပါသည်။

သကျသီဟ(မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ (မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ(ညောင်တုန်း) စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လှုအသင်းစသော ပစ္စယာနုဂ္ဂဟအဖွဲ့များ တည်ထောင်၍ အမျိုးဘာသာ သာသနာပြုခဲ့ကြလေသည်။

သို့ကြောင့်မို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြတ်ဗုဒ္ဓ၏သာသနာသည် ပရိယတ္တိသာမက ပဋိပတ္တိအပိုင်းပါ အားကောင်းလာခဲ့ပေသည်။ သထုံဇေတဝန် ဆရာတော်၊ စွန်းလွန်းဆရာတော်၊ ကန္နီဆရာတော်၊ ဝေဘူဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော် စသော ပဋိပတ္တိဝန်ဆောင် ဆရာတော်ကြီးများသည် သာသနာ့ကျက်သရေကို တိုးမြှင့်စေတော်မူခဲ့ကြ၏။ ရှေးခါဘိုးဘွားမိဘ ဆရာသမားတို့၏ ကျေးဇူးပင်။

ထို့အပြင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ် နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည်။ သုမေဓာ ရသေ့ဘဝတွင် ဗျာဒိတ်ခံခဲ့သည်ကလည်း ကဆုန်လပြည့်နေ့၊ နောက်ဆုံးဘဝတွင် ဖွားမြင်တော်မူသည်ကလည်း ကဆုန်လပြည့်နေ့၊ ဘုရားအဖြစ်သို့ရောက်တော်မူသည်ကလည်း ကဆုန်လပြည့်နေ့၊ ဘဝအဆုံးသတ် ပရိနိဗ္ဗာန်စံသည်ကလည်း ကဆုန်လပြည့်နေ့။

ဤသို့ မြတ်ဗုဒ္ဓ၏ဘဝနှင့် ဆက်စပ်နေသည့် နေ့ထူးနေ့မြတ်ဖြစ်၍ ကဆုန်လပြည့်နေ့ရောက်လေတိုင်း မြန်မာနိုင်ငံ၌သာမက ဗုဒ္ဓဘာသာဝင်တိုင်းနိုင်ငံအသီးသီးတွင်လည်း ဗုဒ္ဓနေ့အဖြစ် ဝှဲချီးခမ်းနားစွာ ကျင်းပကြလေသည်။

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ဝိသာခ (ဝေသာခ) နက္ခတ်နှင့်ယှဉ်တွဲဖြစ်ပေါ်လာသည့်နေ့ ဖြစ်၍ ဝေဆာခ်ပွဲတော်အဖြစ် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြု၍ ခမ်းနားစွာ ကျင်းပလေ့ရှိကြသည်။

**"ဗုဒ္ဓ၏အဆုံးအမများသည် ထူးခြားသော အဆုံးအမများဖြစ်၏။ ဗုဒ္ဓသည် အင်မတန်မှ ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ကမ္ဘာကြီးငြိမ်းချမ်းအောင်၊ လူတို့၏ စိတ်နှလုံး ပူလောင်မှုများကို ငြိမ်းချမ်းအောင် ထူးချွန်စွာ ဟောပြောနိုင်သည့်ပုဂ္ဂိုလ်ဖြစ်သည်။ ဗုဒ္ဓမွေးဖွားသည့်ရက်ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြုသင့်သည်"** ဟူသည့် အဆိုတင်သွင်းမှုအရ ကမ္ဘာ့ကုလသမဂ္ဂ(UN)သည် ၂၀၀၀ ပြည့်နှစ်က ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံး ရုံးပိတ်ရက်အဖြစ် ဆုံးဖြတ်ခဲ့လေသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသကလည်း ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ပတ်သက်၍ **"ဘုန်းကြီးတို့ သီရိလင်္ကာနေတုန်းက သီရိလင်္ကာက ဝေဆာခ်ပွဲဟာ အလွန်ကြီးကျယ်တယ်။ အခု မြန်မာပြည်မှာ ကြီးကျယ်နေတာ သင်္ကြန်ပွဲဖြစ်တယ်။ ကဆုန်လမှာ သာမန်ညောင်ရေသွန်းပွဲလောက်ပဲလုပ်ကြတယ်။ ဒီနေ့က ဘုရားဖွားတော်မူတဲ့နေ့လည်းဖြစ်တယ်။ ဘုရားအဖြစ်သို့ရောက်တော်မူတဲ့နေ့လည်း ဖြစ်တယ်။ ပရိနိဗ္ဗာန်စံတော်မူတဲ့နေ့လည်းဖြစ်တယ်။ အင်မတန်မှ ထူးခြားတဲ့နေ့၊ ဒီထဲမှာ ထပ်ထည့်မယ်ဆိုလို့ရှိရင် ဗျာဒိတ်ခံတဲ့နေ့လည်း ဖြစ်တယ်။ ဒါကြောင့်မို့ ကဆုန်လပြည့်ဗုဒ္ဓနေ့ဟာ အင်မတန်မှ ထူးခြားတယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ကဆုန်လပြည့်နေ့ဟာ တကယ့်ကို အမှတ်တရလုပ်သင့်တဲ့နေ့ပဲ။ သီရိလင်္ကာနိုင်ငံမှာ နှစ်လလောက်ကကြိုပြီး ဝေဆာခ်ကတ်ဆိုတာ (ခရစ္စမတ်ကတ်လို) ထုတ်ဝေကြတယ်။ မြတ်စွာဘုရားဟောတဲ့ ဒေသနာတွေ၊ ဘုရားပုံတော်တွေနဲ့ greeting ကတ်တွေ သူငယ်ချင်းတွေ တစ်ဦးနှင့်တစ်ဦး၊ ဗုဒ္ဓဘာသာတွေ တစ်ဦးနဲ့တစ်ဦးပေးပို့ကြတယ်။**

ဘုရားမွေးနေ့ကိုတော့ မေ့နေကြ

"ဗမာပြည်မှာ အဲဒါလုပ်သင့်တယ်။ ညောင်ရေသွန်းရုံလောက်တင်မဖြစ်သင့်ဘူး။ ဗုဒ္ဓနေ့ ညောင်ရေသွန်းတာက ဗုဒ္ဓရဲ့ဖွားဖက်တော် ဗောဓိပင်ပဲ ရေလောင်းဖို့ သတိရကြတယ်။ မြတ်စွာဘုရားရဲ့ ဘဝကိုမေ့နေသလိုရှိတယ်ပေါ့။ ကိုယ့်မွေးနေ့တွေ လုပ်ကြတယ်။ ဘုရားမွေးနေ့ကိုတော့ မေ့နေကြတယ်လို့ ပြောစရာဖြစ်တယ်။

ဟောဖော်ညွှန်ပြဆိုဆုံးမ

"ဗုဒ္ဓနေ့ကိုတော့ အမှတ်ရကြပါလို့ ဗုဒ္ဓဘာသာဝင်တွေကို ပြောချင်တယ်။ ကိုယ် ကိုးကွယ်တဲ့ ဘုရားဟာ ကိုယ့်အပေါ် ဘယ်လောက်ကျေးဇူးရှိလဲ စဉ်းစားကြည့်။ ကုသိုလ် အကုသိုလ်၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့ မရှိတာ၊ ဘဝခရီး ဘယ်လို လျှောက်လှမ်းရမယ်ဆိုတဲ့ တရားဓမ္မတွေ ဟောပြောနေတာ ဘယ်သူတုံးဆိုရင် ဘုရားပဲ။ ဘုန်းကြီးတို့ဟောတယ်ဆိုတာ ဘုရားရဲ့တရားတွေ ပြန်ဟောနေရတာ။ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင် စွမ်းဆောင်နိုင်ပြီးတော့ လူတွေရဲ့ဒုက္ခတွေလျော့ပါးအောင် ဟောပြောပေးတဲ့ ကျေးဇူးရှင်ဟာ ဘယ်သူတုံးဆိုရင် ဗုဒ္ဓပဲပေါ့။ အဲဒီတော့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့ဟာ မမေ့သင့်တဲ့နေ့တစ်နေ့ပါပဲ။ ညောင်ရေသွန်းပွဲလေးနဲ့တင် အားမရဘဲနဲ့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့မှာ အထူးတလည် မြတ်စွာဘုရားကို ပူဇော်သင့်တာပေါ့။

"အဲဒီတော့ ဗုဒ္ဓနေ့ကို အလေးအနက်ထားပြီး လုပ်သင့်တယ်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်ကြောင့် တချို့နိုင်ငံတွေမှာဆိုရင် ဝေဆာခ်ပွဲတော်ဆိုပြီး တော်တော်လေး ကြီးကြီးကျယ်ကျယ်လုပ်နေကြပြီ။ အခုမြန်မာပြည်မှာတော့ လုပ်တာသိပ်မတွေ့သေးဘူးပေါ့နော်။ လုပ်သင့်လုပ်ထိုက်တယ်ပေါ့။ သူများတွေလုပ်လုပ် မလုပ်လုပ် ကိုယ့်ဗုဒ္ဓဘာသာဝင် တွေကနေပြီးတော့ အထူးတလည် ကိုယ်တတ်နိုင်တဲ့ ရှုထောင့်ကနေပြီးတော့ လုပ်သင့်တယ်"** စသဖြင့် "ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ" တရားတော်တွင် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါ၏။

"ဒီလိုအချိန်မျိုးမှာ ဘုရားမသွားသင့်ဘူး" ဟူသည့် တက္ကစီ ယာဉ်မောင်းတစ်ဦး၏ အဓမ္မဆိုစကားကြောင့် ကျွန်တော်၏ စိတ်အတွေးတို့သည် ထိုထိုဤဤ မရပ်မနား တရစပ် ခရီးနှင်ဆဲ။

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌတွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ မတ္တရာသူဌေးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မာနိတသိရီဘိဝံသ (ကထိကရဟန်း)၏

> **"ဒို့ဘိုး ဒို့ဘွား ဒို့မျိုးများက**
> **နောက်သားနောင်လာ ကိုးကွယ်ရာဖို့**
> **များစွာစေတီ ခံ့ထည်တန်ဆောင်း**
> **ကျောင်းနှင့်ဇရပ် ပြာသာဒ်ဝေဝေ**
> **တည်ခဲ့ပေ၏။**
> **ခုနေအခါ သာသနာလည်း**
> **ရှေးခါဘိုးဖ ပေးခဲ့ကြ၍**
> **တွေ့ကြရပြီ ကြုံရပြီတည်း။**
> **ထိုဤများစွာ မွေ ဓမ္မကို**
> **ဒို့ကဆက်ခါ ခံယူကာဖြင့်**
> **ညီညာအားကြိုး ဒို့သည်ပိုးမှ**
> **ဒို့မျိုးဘာသာ သာသနာသည်**
> **ရှည်ကြာတည်တံ့နိုင်လိမ့်သော်"**

ဟူသည့် "ဒို့တာဝန်" ကဗျာသို့ရောက်လေမှ စိတ်အတွေးတို့သည် နိဂုံးကမွတ် အဆုံးသတ်သွားလေတော့သည်။

မိတ်ဆွေ၊ သင် သိပါလေစ။ မြန်မာမှန်လျှင် သိရ ပေမည်။

ဘာသာ သာသနာကို အရောင်မဆိုးကြလေနှင့်။ ။

ကျမ်းကိုး။ ။ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"
နတ်မောက်ဘုန်းကျော်၏ "အင်္ဂလိပ်-မြန်မာ စစ်သမိုင်း"

## နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာတွင် ဖူးစားပြောင်းစိုက်ပျိုးသည့်တောင်သူများ ဈေးကောင်းရရှိ

**နတ်မောက် ဇွန် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာမှ တောင်သူများသည် ပြောင်းဖူးပင်များစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိကာ စိုက်ပျိုးသူများအတွက် အဆင်ပြေသောကြောင့် ဖူးစားပြောင်းများကို ထပ်မံစိုက်ပျိုးသူများလည်းရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် နွေနှင့် ဆောင်းရာသီများ စိုက်ပျိုးလျှင် ရေသွင်း၍မြေအစိုဓာတ် ရေလုံလောက်စွာ ရရှိရန် ပြုလုပ်ပေးရသည်။ ဖူးစားပြောင်းများကို စိုက်ပျိုးပြီး ၂ လအကြာတွင် ဖူးစပြုပြီး ၃ လ အတွင်းခုတ်၍ ရောင်းချနိုင်သည်။ လက်ရှိပြောင်းဖူး ဈေးနှုန်းများမှာ လက်လီဈေး တစ်ဖူးလျှင်ကျပ် ၁၃၀၊ လက်ကားဈေး ကျပ် ၁၂၀ နှုန်း ရရှိပါသည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပိုမိုကောင်းမွန်ပြီး ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ဗမာပြောင်းဟူ၍ သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ အသုံးပြု စိုက်ပျိုးကြသည်။

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုး ရှိသော်လည်း အတန်းလိုက် အစေ့ချ၍ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ရေသွင်းခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက်ကြောင့် ပြောင်းဖူးပင်များပိုမို ရှင်သန်ကြီးထွားစေသည်။ ပြောင်းဖူးစိုက်ပျိုးရာတွင် မျိုးစေ့တစ်ဘူးလျှင် အဖူး ၁၀၀၀ နှုန်းခန့်ထွက်ရှိပြီး တစ်ပင်ကို သုံးဖူးအထိဖူးကာ ပြောင်းဖူးစိုက်ပျိုးသူများမှာ အဆင်ပြေ၍ ဈေးကောင်း ရရှိကြောင်း နတ်မောက်မြို့နယ် ကြူအိုင်ကျေးရွာ ဖူးစားပြောင်း စိုက်ပျိုးသူထံမှ သိရသည်။



ရေသွင်းစိုက်ပျိုးထားသော ဖူးစားပြောင်းများ

**သင်းသင်းဝေ**
**(နတ်မောက်)**

## စစ်တွေခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိ

**စစ်တွေ ဇွန် ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ စာအုပ်စာပေများ လာရောက်ငှားရမ်းရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့် အညီ ငှားရမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က စစ်တွေခရိုင်ပြည်သူ့စာကြည့်တိုက်အသင်းဝင်တစ်ဦးဖြစ်ပြီး စာကြည့်တိုက်ကို အမြဲလာရောက် စာဖတ်ဖြစ်ပါတယ်။ စာကြည့်တိုက်ဆိုတာက ကျွန်တော်တို့တွေအတွက် အသိပညာ ဗဟုသုတတွေ စုဆောင်းပေးတဲ့ နေရာတစ်ခုလည်း ဖြစ်ပြီးတော့ တကယ့်ကို အကျိုးရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ စာကြည့်တိုက်တွေပိတ်ထားတယ်ဆိုတော့ ပျင်းတာပေါ့။ ငှားထားတဲ့ စာအုပ်တွေကလည်း ဖတ်လို့ပြီးပြီ ဖတ်စရာစာအုပ်တွေကလည်းမရှိဘူး။ အခုလို စာကြည့်တိုက်တွေ ပြန်ဖွင့်လိုက်တော့ ကျွန်တော်တို့လို စာဖတ်ပရိသတ်တွေအတွက် စာအုပ်တွေ ငှားရမ်း ဖတ်ရှုလို့ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"ဟု စာဖတ်ပရိသတ်တစ်ဦးဖြစ်သည့် စာရေးဆရာ မောင်မင်းမာ (မြောက်ဦး)က ပြောသည်။

စစ်တွေခရိုင် ပြည်သူ့စာကြည့်တိုက်ကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ ယာယီပိတ်ထားခဲ့ရာ ယခုနှစ် မေလမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး စာအုပ်စာစောင်များအား ငှားရမ်းပေးလျက်ရှိကြောင်း၊ လစဉ်အသစ်ရောက်ရှိသည့် သုတ၊ ရသစာအုပ်များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်စာစောင်များနှင့် နိုင်ငံတော်ပြန်တမ်းများအား စာဖတ်ပရိသတ်များအနေဖြင့် အလွယ်တကူလေ့လာဖတ်ရှု ငှားရမ်းနိုင်ရေး စနစ်တကျ စင်တင်ပေးလျက်ရှိရာ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည့် အွန်လိုင်းမှတစ်ဆင့် စာအုပ်မိတ်ဆက်ခြင်း၊ ပုံပြင်ပြောပြခြင်း၊ ကဗျာရွတ်ပြခြင်း၊ ပုံပြင်ပြောပြိုင်ပွဲပြုလုပ်ခြင်း၊ အသိပညာ ဗဟုသုတမျှဝေပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**အောင်စံထွန်း**

## ပန်းတနော်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေး

**ပန်းတနော် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ရှင်းလင်းအသိပညာပေး ဆွေးနွေးပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်သီတာထွေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်သက်ဆိုင်သည့် သိကောင်းစရာအကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာကြသောတာဝန်ရှိသူများက ပြန်လည်မေးမြန်းဆွေးနွေးကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပန်းတနော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ ကျေး စာရေးများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## ဝန်းသိုမြို့နယ်၌ ကျေးရွာလူထုလုပ်အားဖြင့် ကွန်ကရစ်လမ်းခင်း

**ဝန်းသို ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ညောင်အင်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ စီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် မူလက အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ ခြောက်လက်မထုဖြင့် ခွင့်ပြုထားသော်လည်း ကျေးရွာမှ စုပေါင်း ထည့်ဝင်ငွေများ၊ ကျေးရွာ လူထု၏ လုပ်အားပါဝင်မှုများဖြင့် အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မအထိ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက အိမ်ခြေ ၄၁ အိမ်ရှိ လူဦးရေ ၂၂၃ ဦး အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## မင်းတုန်းမြို့၌ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေး

**မင်းတုန်း ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ မင်းတုန်းမြို့ အမှတ်(၃) ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိစေရန်အတွက် မေလနောက်ဆုံးပတ်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးဝင်းတင့်နှင့် ဝန်ထမ်းများက အိမ်ထောင်စု မရှိသူနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၃၉ ဦးကို ပြုလုပ်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေး စေရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု မဖြစ်စေရေးအတွက် ယမန်နေ့က မင်းဘူး(စကု) မြို့နယ် ၃၃ကေဗွီ မန်း စက်ရုံမှ ပို့လွှတ်သော စကုထနောင်းတော- ပွင့်ဖြူ - စလင်း ဓာတ်အား လိုင်းတစ်လျှောက် ကွင်းဆင်း၍ ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးတင့်ဇော် ဦးဆောင်မှုဖြင့် လိုင်းတာဝန်ခံ ဦးလှဝင်းအောင်နှင့် ဝန်ထမ်းများအဖွဲ့က မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပပျောက်စေရေးအတွက် မင်းဘူး(စကု)မြို့နယ် ၃၃ ကေဗွီ မန်းစက်ရုံမှ ပို့လွှတ်သော စကု ထနောင်းတော - ပွင့်ဖြူ - စလင်း ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်ဓာတ်အားယူနစ်များ အပိုင်းလိုက် ပျောက်ဆုံးမှု တွက်ချက်နိုင်ရန် 33kV Metering Out Fit (MOF)တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ လျော့ကျနေသော ဓာတ်အားလိုင်းများကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးတင့်ဇော်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ လူသတ်မှု၊ အဆောက်အအုံ မီးရှို့ဖျက်ဆီးမှုနှင့် ပစ္စည်းခိုးယူမှုတို့ကို ကျူးလွန်ခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်



(ဝဲမှယာ) တရားခံ ဇော်ဇော်အောင်(ခ) အရိုး၊ ဇေယျာလင်း(ခ)ညီညီဝင်း(ခ) နားတို၊ သိန်းငွေ၊ ခိုင်စိုးဝင်း(ခ)ခိုင်ကြီး၊ စည်သူဝင်း၊ ကျော်မြင့်(ခ)အာစမစ်၊ ဝင်းလှိုင်ဝင်း(ခ) အရိုးနှင့် ဝင်းသီတာမြင့်(ခ) ဝင်းသီတာ။



(ဝဲမှယာ) တရားခံ အာကာကျော် (ခ) အာကာ၊ ဟိန်းလင်းကျော် (ခ) သားငယ်၊ သူရမြင့်ဆွေ (ခ) သားသူ၊ ထွန်းနိုင်လင်းနှင့် ကျော်စွာလင်း(ခ) ကျော်စွာ။

**နေပြည်တော် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် အောင်ရတနာလမ်းနေ ဦးသန်းဦး (ခ) ဦးမြင့်ငွေနှင့် ဦးမြသန်း (ခ) စွန်ရဲတို့ကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဇော်ဇော်အောင် (ခ) အရိုး (ဘ) ဦးကြည်လွင် အပါအဝင် ဆူပူအကြမ်းဖက်သူ ၂၁ ဦးတို့က ဝိုင်းဝန်းခြိမ်းခြောက်ဖမ်းဆီး၍ ဦးသန်းဦး (ခ) ဦးမြင့်ငွေကို တံတားဖြူထိပ်ရှိ ဓာတ်တိုင်တွင် လည်းကောင်း၊ ဦးမြသန်း(ခ) စွန်ရဲကို တံတားဖြူထိပ်ကုက္ကိုပင်တွင် လည်းကောင်း ကြိုးဖြင့် တုပ်နှောင်ထားပြီး ဝိုင်းဝန်းရိုက်နှက်၍ ဓာတ်ဆီဖျန်း မီးရှို့သတ်ခဲ့ကြခြင်းဖြင့် လူသတ်မှုကို ကျူးလွန်အားပေးကူညီမှု ပြုခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၀၂ (၂)/၁၁၄ အရ ၎င်းတို့ကို မေ ၃၁ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်(၂၀)နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် ကြံကြီး (ခ) ကျော်မိုးထက်၊ ဇော်မိုးထက်၊ အရှည်ကြီး (ခ) ဝတုတ်၊ ဖိုးသကြန်၊ ဟန်ဦး၊ နွယ်ထွန်း၊ မင်းမင်း (ခ) ကိုမင်း၊ ထွန်းထွန်းအောင် (ခ) ဂျပန်ကြီး (ခ) ဘိုထွန်း (ခ)ဝင်းနိုင်၊ တင်ထိုက် (ခ) မောင်ထိုက်၊ လင်းလင်း (ခ)ဘယ်လေး၊သီဟ၊ငွေငွေဦးနှင့်အေးမော်တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ – ၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။




တရားခံ ဝင်းနိုင်(ခ) အောင်ဗလ

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန် အမှတ်(၁၄၈/၁၅၃) ဝန်ဆောင်မှုလမ်းရှိ GTIG Easter အထည်ချုပ်စက်ရုံနှင့် အမှတ် (၄၉/၁၄၇) ဝန်ဆောင်မှုလမ်းရှိ GTIG Hubo အထည်ချုပ်စက်ရုံတို့ကို မတ် ၁၄ ရက်တွင် အာကာကျော် (ခ) အာကာ (ဘ) ဦးကျော်ခိုင် အပါအဝင် ဆူပူအကြမ်းဖက်သူ ရှစ်ဦးတို့က မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ရွှေပြည်သာမြို့နယ် ဧရာဝတီပတ်လမ်းရှိ အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မတ် ၃၀ ရက်တွင် မီးရှို့ဖျက်ဆီးမှုပြုခဲ့ခြင်းတို့အတွက် ၎င်းတို့ကို စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ– ၄၃၆/၃၄ နှင့် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ – ၆ (၁) တို့အရ ၎င်းအား မေ ၃၁ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်" အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် အောင်ကိုထက်(ခ)မိန္ဒ၊ သီရိမြင့်ဆွေ နှင့် သီဟနိုင်တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ မတ် ၁၄ ရက်တွင် ဝင်းနိုင် (ခ) အောင်ဗလ (ဘ) ဦးမောင်ထူး အပါအဝင် ဆူပူအကြမ်းဖက်သူ ခုနစ်ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၈) ရပ်ကွက် ဒေါ်ဖွားရှင်လမ်းရှိ SOLAMODA (Myanmar Sun View) အထည်ချုပ်စက်ရုံ အတွင်းသို့ဝင်၍ ဓာတ်ဆီပုလင်း/ဓာတ်ဆီပုံးများ ဖျန်းပက်ကာ စက်ရုံအား မီးရှို့ဖျက်ဆီးပြီးနောက် အဆိုပါစက်ရုံအတွင်းမှ နိုင်ငံခြားငွေစက္ကူရောရာများ ထည့်ထားသည့် နှစ်ပေ ပတ်လည်ခန့်ရှိ မီးခံသေတ္တာ တစ်လုံးအား ခိုးယူခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၄၃၆ နှင့် ရာဇသတ်ကြီးပုဒ်မ–၃၈၀ တို့အရ ၎င်းအား မေ ၃၁ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ် (၂၀)နှစ် " အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် မြတ်စိုးသူ၊ မြင့်ဦး၊ မောင်ထွေး၊ ကုလား၊ ကြယ်စီနှင့် ချစ်ကိုတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ရှာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၉)ရပ်ကွက် ရာဇဓိရာဇ်လမ်းနေ လှမျိုး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် အိုက်စ် ၀ ဒသမ ၀၂၄ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ဇွန် ၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ရှာငံ–ဟံမြင့်မိုရ်သွားကားလမ်း ဒုတ္တိုးရေကျေးရွာအုပ်စု ယုံတောင်ကျေးရွာအနီးတွင် အောင်ဇော်ထူး မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းစိမ်း ၃၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အောင်ဇော်ထူးအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

**သတင်းစဉ်**

## အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

တရားမဝင်ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ပြီး ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် မန္တလေး– မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၆ စီး၊ သွင်းကုန် ၁၂၃ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်သွင်းကုန် ၂၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၈၀ သန်းတန်ဖိုးရှိတရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် Singha Beer (330mlx24) 10 Pkgs နှင့် Leo Beer (330ml((1x24) 5 Pkgs အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၂)ညံတောအနောက်ရပ်၊ ဦးပိုင်အမှတ်(၁၅၄)၊ မြေဧရိယာ(၀.၀၅၉)ဧကရှိ ဂရန်မှုနံပါတ်(၅၅၈/၂၀၁၈–၂၀၁၉)အရ ဦးနေမျိုး ပါ(၄)ဦးတို့ အမည်ပေါက်လျက်ရှိသော မြေကွက်နှင့် အကျိုးခံစားခွင့်များကို နေအိမ်မြေအရောင်းအဝယ်စာချုပ်အမှတ်(၂၄၁/၂၀၂၀)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မင်းဦး၊ ဒေါ်မီမီစန်း၊ ဒေါ်စံပယ်ဦး၊ ဒေါ်မိုးပွင့်ဦးနှင့် မောင်ဖြိုးသန့်ကိုကိုတို့က ဂရန်အမည်ပြောင်းပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၉)ဧကရှိ မြေကွက်အမှတ်(ပ–၃၀၈၁၉)၊ ဦးခင်မောင်ညွှန့် ၁၂/တတန(နိုင်)၀၃၇၇၅၄(ဘ)ဦးစံမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်စိုး ၉/ပမန(နိုင်)၁၉၂၈၇၉(ဘ)ဦးညီထွန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈/၂၀၂၁)တင်ပြ၍ ဒေါ်သင်းသင်းခိုင် ၉/ပမန(နိုင်)၁၉၂၈၈၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားတင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ နှင်းဆီလမ်းနှင့် (၂၅)လမ်းထောင့်၊ မြေကွက်အမှတ် (၅၈)၊ အကျယ်အဝန်း (၇၂x၆၀)ပေရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဒေါ်မော်စီ ၉/ပမန(နိုင်)၀၀၂၇၂၇ အမည်ဖြင့် မြေငှားဂရန် အမည်ပေါက်ထားပြီး ၎င်းထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးကျော်ကျော်ထွန်း ၁၄/ပသန(နိုင်)၀၁၃၇၉၆ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း စာရွက်စာတမ်းမူရင်းများပြသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများ၏အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်း**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၀၄၀)၊ (၁၇)လမ်း၊ ပေါင်းလောင်း (၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊**
**ဖုန်း–၀၉–၄၂၀၇၁၈၄၄၂**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အလက (ခွဲ) သိမ်ကုန်း Grade–6မှ မမြသင်းချယ်၏ ဖခင် အမည်မှန်မှာ ဦးနေသွေးအောင် ၉/ရမသ(နိုင်)၁၆၀၂၅၅ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၅၊ မြေကွက်အမှတ်–၄၀၂၊ မြေကွက်တည်နေရာအမှတ်–၄၀၂၊ တေဇလမ်း၊ ၃၅–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးချစ်သိန်း ( ISN–၁၄၈၄၂၄ )အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးချစ်သိန်း ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ကျင်နု (၁၂/သဃက (နိုင်) ၁၀၅၁၉၇)မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ကျင်နု ထံမှ GP ၈၈၁၉/၂၀၂၀( ၂၈.၇.၂၀၂၀ )ရသူ ဒေါ်မိမိနိုင် (၁၂/သဃက (နိုင်) ၁၀၅၇၀၆)မှ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ၊ ၂၀၁၃ ခုနှစ်တွင် ဦးချစ်သိန်း မှ ဘဏ်ငွေချေးရန်မြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ ဘဏ်ချေးရန်မြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မျှ အာမခံအဖြစ်ထားရှိကာ ချေးယူခဲ့ခြင်းမရှိဘဲ အထားအသိုမှားယွင်းကာပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာတင်ပြလာပါသဖြင့် GP ဒေါ်မိမိနိုင် ၏ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များနှင့်ပတ်သက်၍ ပေးဆောင်ရမည့်ရက်နှင့် ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများဆိုင်ရာ အသိပေးနှိုးဆော်ချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်လျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန် များနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်ရက်နှင့် ပေးဆောင်ရန်ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများအား သိရှိနိုင်ပါရန် အသိပေးနှိုးဆော်ခြင်း ဖြစ်ပါသည်။

၂။ ဝင်ငွေခွန်သည် တိုက်ရိုက်ခွန် အမျိုးအစားဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ နှစ်တစ်နှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ရာ သုံးလပြည့်မြောက်သည့်နေ့မှ ၁၀ ရက်အတွင်း ပေးဆောင် ရပါမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်း မရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပြီး ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ မည်သူမဆိုနှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၄။ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ အထူးကုန်စည်ခွန်ကျသင့်သည့် ကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန်ကျသင့်မည် ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေအရ လစဉ်အထူးကုန်စည်ခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်း မရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား (၁) ပါ စာချုပ်စာတမ်းများကို ချုပ်ဆိုပါက ပြည်တွင်းတွင် ချုပ်ဆိုသော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ စာချုပ်ချုပ်ဆိုချိန်တွင်ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရပါမည်။ ပြည်ပတွင်ချုပ်ဆိုပါက မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် (၃) လ အတွင်း တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည် ဖြစ်ပါသည်။ ထိုသို့ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် များ ထမ်းဆောင်ထားခြင်းမရှိသည့် စာချုပ်စာတမ်းသည် သက်သေခံချက်တင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့်၊ အရေးယူဆောင်ရွက်ခွင့် စသည့်အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပြီး၊ အဆိုပါအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးအတွက် ထိုက်သင့်တံဆိပ်ခေါင်းခွန်ပြည့်မီရန် လိုအပ်သော တံဆိပ်ခေါင်းခွန်တန်ဖိုးကို ပေးသွင်းခြင်း၊ ပြည့်မီရန် လိုအပ်သော တံဆိပ်ခေါင်းခွန်၏ (၃) ဆအား ဒဏ်ကြေးအဖြစ် ပေးဆောင်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်6A/8806 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)ရပ်ကွက်၊ ရွှေဟသာလမ်း၊ မြေကွက်အမှတ်(၂၅၉)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ) ရှိ ဦးမောင်မောင်လေး (၁၂/လကန (နိုင်) ၀၂၄၉၂၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းညွန့်မေ (၁၃/တကန (နိုင်) ၀၈၅၇၀၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ် အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## ဦးညိမ်းအေးကျော် ၉/မဟမ(နိုင်)၀၀၄၃၈၄ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅ လမ်း၊ ဖ–၂၀/၅+၆၊ ထွန်းတုံးရပ်ကွက်နေ ဒေါ်မျိုးယဉ်ယဉ် ၁၂/ဥကမ(နိုင်) ၁၉၃၅၁၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးယဉ်ယဉ်နှင့် ဦးညိမ်းအေးကျော်တို့သည် (၂၀၀၇)ခုနှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ သား၊ သမီး နှစ်ဦးမွေးဖွားခဲ့ပါသည်။

၂၉–၁–၂၀၂၁ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးယဉ်ယဉ်နှင့် ဦးညိမ်းအေးကျော်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် သက်သေလူကြီးများရှေ့မှောက်၌ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးယဉ်ယဉ်နှင့် ဦးညိမ်းအေးကျော်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ် သက်စပ်ဆိုင်ခြင်း လုံးဝမရှိတော့ပါ။ သို့ဖြစ်ပါ၍ ဦးညိမ်းအေးကျော်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးယဉ်ယဉ်အား တစ်နည်းနည်းဖြင့် နှောင့်ယှက်စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် မဖွယ်မရာ ပြောဆိုခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်မည်ဆိုပါ က တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မျိုးယဉ်ယဉ်၏ လွှဲအပ်ချက်အရ–

| ဒေါ်ခင်သန်းဌေး (LL.B) | ဒေါ်မိုးမိုးအောင် (LL.B) | ဒေါ်နိုင်နိုင်ဝင်း (LL.B) | ဒေါ်သန္တာကျော် (LL.B) |
|---|---|---|---|
| (စဉ်–၁၀၉၀၂) | (စဉ်–၁၁၈၅၈) | (စဉ်–၁၄၀၀၅) | (စဉ်–၁၆၈၇၃) |

(တရားလွှတ်တော်ရှေ့နေများ)

အမှတ် (၈/၂၈)၊ ၄၇ လမ်း၊ ၁၁၃ A လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၀၅၄၇၃၁၊ ၀၉–၄၂၅၉၇၇၅၁၁

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ကြော်ငြာစာအမှတ်(၁/၂၀၂၁)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူးနေရာ (၃) နေရာ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်အား ၁၃–၉–၂၀၂၀ ရက် (တနင်္ဂနွေနေ့) အစား ၃–၇–၂၀၂၁ရက် (စနေနေ့)အဖြစ် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်တွင် ၁–၇–၂၀၂၁ရက် နှင့် ၂–၇–၂၀၂၁ရက်တို့တွင် ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်တကွ လာရောက်ထုတ်ယူရမည်။

၃။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဝန်ထမ်းရေးရာ ဌာန၊ ဖုန်း–၀၆၇–၄၃၀၂၄၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (B–4)၊ အခန်းအမှတ် –215၊ Type (A)၊ အကျယ်အဝန်း (၁၂၆၁) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်ဝတ်ကြည်(ဘ)ဦးကြည်လွင် ၁၂/ကတတ(နိုင်)၀၂၄၇၂၂ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ အမည်ပြောင်းဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)ဖြင့် ကျွန်မထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူမြတ်သွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၇၇)**
**အမှတ် (၄)၊ ငြိမ်းချမ်းလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း–၀၉–၅၁၃၂၆၄၇**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ရွှေပြည်အေးကျေးရွာအုပ်စု၊ ငှက်ပျောတောကျေးရွာနေ ဦးဝင်းမောင်၊ ဒေါ်စန္ဒာဝင်းတို့၏သမီး မမေမြတ်နိုး ၉/လဝန(နိုင်) ၂၈၉၆၅၂သည် မိဘ၏ဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန်နှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဝင်းမောင် ၉/လဝန(နိုင်)၁၇၀၁၅၉**
**ဒေါ်စန္ဒာဝင်း ၉/လဝန(နိုင်) ၁၄၈၄၉၇**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ဒက္ခိဏခရိုင်တရားရုံးတော် ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၂၆၁)

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် နှင့် ၁။ ဦးသန်းထွန်း
(ယင်းကိုယ်စား၊ ကြီးကြပ်ရေးမှူး ဦးဝဏ္ဏကျော်) ၂။ ဆန္ဒာဘုန်းပြည့်မိသားစုကုမ္ပဏီလီမိတက်
(ခ)ဆန္ဒာဘုန်းပြည့်မြန်မာဂရုအော့ဖ်ကုမ္ပဏီလီမိတက်
(၃) ဦးပြည့်လင်းအောင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အိမ်အမှတ် (၂/ဘီ–၄၈၁)နေ (၁)တရားပြိုင် ဦးသန်းထွန်း(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်စနစ်ဖြင့် ဝယ်ယူရာတွင် စိုက်ထုတ်ပေးချေထားသောငွေနှင့် နောက်ကျကြေးငွေနှင့် အတိုးငွေရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ်၊ ဇွန် ၂၉ရက် (၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝတ်မှုန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဒက္ခိဏခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ် (၄၆)၊ အကွက်အမည် (နှုန်းစစ် ကန်ရပ်)၊ မြေကွက်အမှတ် (၁၃၀)၊ ဦးပိုင်အမှတ် (၂၃၅)၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေနေရာအား ဦးလှကြီး(ခ)ဦးချစ်ဦး ၁၃/ပတယ(နိုင်)၀၀၄၅၇၀သို့ ပင်းတယမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာယီမြေပေးမိန့်ဖြင့် မြေကွက်ချထားပေးခဲ့ရာ ဦးလှကြီး(ခ)ဦးချစ်ဦး ၁၃/ပတယ(နိုင်)၀၀၄၅၇၀ထံမှ ဦးမြင့်ဆန်းအောင် ၁၃/ပတယ(နိုင်)၀၅၂၉၃၀၊ ဦးမြင့်ဆန်းအောင် ၁၃/ပတယ(နိုင်) ၀၅၂၉၃၀ထံမှ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ခင်ငြိမ်း ၁၃/ပတယ(နိုင်)၀၀၄၄၅၇၊ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ခင်ငြိမ်း ၁၃/ပတယ(နိုင်)၀၀၄၄၅၇ထံမှတစ်ဆင့် ဦးမျိုးကိုကို ၁၃/ပတယ(နိုင်) ၀၃၆၁၀၁မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၆၊ မြေကွက်အမှတ် (၆၃)၊ မြေကွက်တည်နေရာ အမှတ်–၆၃၊ အောင်ရတနာ (၇)လမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ပုလေး ၁၂/လကန(နိုင်)၀၇၁၇၆၁ အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ပုလေး ၁၂/လကန(နိုင်) ၀၇၁၇၆၁ မှ ပါမစ်ပျောက်ဖြင့် ထုတ်ယူခဲ့သော ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ–၂၃၄၁၆)၊ ဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၉၇၂)၊ (၂၁–၈–၂၀၁၅)ရက်စွဲဖြင့် ဦးလှိုင်ဦး ၁၂/ရကန(နိုင်) ၀၃၈၉၄၈မှ ကျွန်တော် ဒေါက်တာယိန်းညော်သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို (၃–၆–၂၀၂၁)ရက်မှစ၍အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါက်တာယိန်းညော် ၁/မကန(နိုင်) ၀၂၉၁၀၁**
**ဖုန်း–၀၉–၄၂၀၇၄၈၄၈၇**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဖောင်းပြင်မြို့နယ်၊ ဟဲလှော်ကျေးရွာအုပ်စု၊ ဟဲလှော်ကျေးရွာနေ မလင်းလင်းနွယ်၏ ဖခင် ဦးကျော်ဝင်းနှင့် ဦးမောင်ကျော် ၅/ဖပန(နိုင်) ၀၂၇၂၇၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖောင်းပြင်မြို့နယ်၊ ဟဲလှော်ကျေးရွာအုပ်စု၊ ဟဲလှော်ကျေးရွာနေ မဖွေးအိဖြူ၏ဖခင် ဦးညွန့်ဝင်းနှင့် ဦးပြုံးချို ၅/ဖပန(နိုင်) ၀၃၈၆၇၆ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ကံကြီးအုပ်စု၊ ကံကြီး(န)ကျေးရွာနေ မောင်မျိုးသီဟကျော်နှင့် မောင်မျိုးသိန်းစိုး ၅/ကဘလ(နိုင်) ၂၂၈၅၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဖောင်းပြင်မြို့နယ်၊ ဟဲလှော်ကျေးရွာအုပ်စု၊ ဟဲလှော်ကျေးရွာနေ ဦးကြည်ရွှေ၏သမီး မအေးမြတ်သွယ် ၅/ဖပန(နိုင်) ၀၈၉၅၅၀၏ အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ မအေးမြသွယ်(၁၉–၈–၂၀၀၁) ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မာဝင်း ၉/ဝတန(နိုင်) ၁၂၇၆၃၅ Customs Broker(557801) ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၈၈၂၈၅**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန္တာစိုး ၁၂/ပဇတ(နိုင်) ၀၀၄၁၃၉၏ နိုင်ငံကူးလက်မှတ်(969195)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၄၄၅၀၉၂၄**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကန့်ဘလူမြို့နေ ဒေါ်တူး ၅/ကဘလ(နိုင်) ၁၄၅၁၄၈၏ သားမောင်အောင်ပိုင်စိုး ၅/ကဘလ(နိုင်) ၁၉၀၂၀၆သည် မိခင်၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူပါ။

**ဒေါ်တူး**

---

## အမည်ပြောင်း

ဦးအောင်ထက်သူ၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်း ပထမတန်းမှ မထက်ထက်အောင်အား မဆုရွှေစင်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7926 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/2061, HYUNDAI PORTER II Vom (4x2) LHD ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းသန်း ၉/မခန(နိုင်)၁၈၆၄၈၅၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၈၁)၊ စဉ့်အိုးဘိုအကွက်၊ ဦးပိုင်အမှတ် (၁၅၆)၊ မြေဧရိယာ ၀ဒသမ၀၃၆ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ် (၄၁)နေ ဦးတို့ခင်ကြည်(ခ) ခင်တီး(ခ)အောင်မျိုး၊ ဒေါ်ဝင်းဌေးတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ် (၁၉/ခ)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ် ၁၉/ခ၊ ရန်ကုန်လမ်း၊ (၆) ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးသာထွန်းစိန် (BGE–093240) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသာထွန်းစိန် (BGE–093240) ၁၂/အစန(နိုင်) ၀၇၃၇၈၇ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုနုလွင် ၁၂/ရပသ(နိုင်)၀၂၆၅၅၀ မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက် အရပ်ကတိစာချုပ်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၂/ညံ့တောအနောက်)၊ ဦးပိုင်အမှတ်(၄၇)၊ မြေယာအမှတ်(225/226/227)၊ မြေဧရိယာ(၀ဒသမ၀၉၈) ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်အေးနွယ် ၉/မမန(နိုင်) ၀၃၇၀၇၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၈-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေMyawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၃-၆-၂၀၂၂ရက်နေ့မှ ၂၇-၆-၂၀၂၂ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။


၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက[တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် M.H.R.A (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၁၆၀၀၀၀)ကျပ်] ခံစားခွင့် ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

# ဘဒ္ဒန္တတေဇောဘာသ

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်

## ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော်

## သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကန်ဘဲ့ဘုတာရုံလမ်း၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ရန်ကင်းမိုးကောင်းစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်-နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ဩဝါဒါစရိယ၊ ဓမ္မသာကစ္ဆာအဖွဲ့၏ဩဝါဒါစရိယ၊ ရန်ကုန်ဆန်လှူအသင်းကြီး၏ဩဝါဒါစရိယ) သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တတေဇောဘာသသည် (၁၃၈၃ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ရက်) ၁-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇော်သဘင်ကို ၅-၆-၂၀၂၂ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ပြီး ညနေ ၄နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ**
**နာယက ဆရာတော်များနှင့် တပည့်သံဃာ ဒါယကာ ဒါယိကာမများ**
**ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်**
**ရန်ကင်းမြို့နယ်**

---

# ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ

# ဆရာတော် ဘဒ္ဒန္တတေဇောဘာသ

## အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

## သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ဦးစီးနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဆရာတော်ဘဒ္ဒန္တတေဇောဘာသသည် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်) ၁-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွက် အစားထိုးမရကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9212 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7968 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/9265 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၂၀၈၆၀ (ဟွန်ဒါဒရင်း) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသိန်းတင် ၁၃/တကန(နိုင်) ၂၈၁၂၀၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/4581, Toyota Dyna XZU 306, L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘော်ဘီ ၁၂/ဒဂတ(နိုင်) ၀၂၅၅၄၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ် (၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ် (၅၈၃)၊ ဧရိယာ ၀ဒသမ၁၈၀ ဧကရှိမြေကို ဦးစိန် မြင့် (ဥရောပအာရှကုမ္ပဏီလီမိတက်) အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

# ဗိုလ်မှူးကျော်စွာဝင်း(ငြိမ်း)MMB

## အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၂၂)နေ (ဦးဘဝင်း)-ဒေါ်အမာဆွေတို့၏သား၊ (ဦးဝင်းကိုကို)၊ ဦးညီညီဝင်း-ဒေါ်သန်းသန်းလွင်တို့၏ညီ/မောင်၊ ဦးထွဋ်ခေါင်ဝင်း-ဒေါ်စုသဲမာ၊ ဦးချမ်းသာ-ဒေါ်စောစန္ဒာဆွေ တို့၏အစ်ကို၊ မောင်သီဟအောင်၊ မသီရိအောင်တို့၏ဖခင်၊ ဒေါ်သဲမြဖြူ၏ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ ထမ္ပနိုင်ကျေးရွာနေ ဦးဘုကေ၏သား ၁၂/ကမန(နိုင်)၀၁၅၇၈၃ ကိုင်ဆောင်သူ ဦးစိန်ကြည်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ ထမ္ပနိုင်ကျေးရွာနေ ဦးထွန်းမြ ၁၂/ကမန(နိုင်)၀၆၁၂၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအား အသိပေးအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်နှင့် လူကြီးမင်းတို့သည် ကျွန်ုပ်၏အမှုသည်မှ ယုံကြည်မှုဖြင့် လူကြီးမင်းအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၀/၂၀၁၈ ဖြင့် အထွေထွေ ကိုယ်စားလှယ်လွှဲအပ်ကာ ကျွန်ုပ်၏အမှုသည်ပိုင် လယ်မြေများဖြစ်သော ကန်သုံးကန်ကျေးရွာရှိ ကွင်းအမှတ် -၃၉၆-ကနှင့် ဦးပိုင်အမှတ် (၆/၁)၊ ဧရိယာ ၁၃ဒသမ၆၇ဧကအား သုံးနှစ်ထွန်ယက်စိုက်ပျိုးခွင့်ပြုခဲ့ပါသည်။ ပဋိညာဉ်သဘောတူညီချက်အရ လူကြီးမင်းတို့ နှစ်ဦးနှစ်ဖက် ပြုလုပ်ခဲ့သောသဘောတူညီချက်မှာ သုံးနှစ်ပြည့်ပြီးဖြစ်၍ ကိုယ်စားလှယ်လွှဲစာမှာ ရပ်စဲပြီးဖြစ်ပါသည်။

ယခုအခါ လူကြီးမင်းမှ ကိုယ်စားလှယ်လွှဲစာအား အလွဲသုံးစားပြုမှုများ ပေါ်ပေါက်လာသဖြင့် ကျွန်ုပ်၏အမှုသည်မှ လူကြီးမင်းအပေါ် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် ၂၄-၅-၂၀၂၂ရက်စွဲပါ လျှောက်ထားလွှာဖြင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ကော့မှူးရုံးသို့ လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအပေါ် ကျွန်ုပ်၏အမှုသည်လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာမှာ ၂၄-၅-၂၀၂၂ရက်ကစ၍ ရုပ်သိမ်းပြီးဖြစ်ကြောင်း လူကြီးမင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၅၇/၂၂-၈-၂၀၁၇)**
**(၁၉)ရပ်ကွက်၊ တောင်ငူမြို့၊ ဖုန်း-၀၉-၇၈၇၂၄၃၄၇၇**

### အမည်မှန်

မင်းပြားမြို့၊ အထက(၃) နဝမတန်းမှ မသဇင်ချော၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မနှင်းအေးစံ ဖြစ်ပါကြောင်း။

**မနှင်းအေးစံ**

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်လေးလုံး၊ တတိယတန်းမှ မအေးငြိမ်းဖြိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ပြည့်ဖြိုး ၁၃/တကန(နိုင်) ၃၅၇၈၀၁ ဖြစ်ပါကြောင်း။

**ဦးအောင်ပြည့်ဖြိုး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ၀၅၉ဧကရှိ မြေကွက် အမှတ် (ပ-၃၀၈၁၉)၊ ဦးခင်မောင်ညွန့် ၁၂/တတန(နိုင်)၀၃၇၇၅၄ (ဘ) ဦးစံမောင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးတင်စိုး ၉/ပမန(နိုင်)၁၉၂၈၇၉ (ဘ)ဦးညီထွန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈/၂၀၂၂)တင်ပြ၍ ဒေါ်သင်းသင်းခိုင် ၉/ပမန(နိုင်)၁၉၂၈၈၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးစိန်ဝင်း

### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၃၆)နေ ဒေါ်လဲ့လဲ့ဝင်း၏ခင်ပွန်း၊ ကိုအောင်မင်းထက်-မခင်သန္တာစိုး၊ ကိုနိုင်လင်းအောင်-မနန်းအေးအေးငြိမ်း၊ ကိုဟန်မင်းသစ်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထွန်း ဇနီး(ဒေါ်ဆွေဆွေချစ်)**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူး ကျော်စွာဝင်း(ငြိမ်း)

### တေဇ(၂၂)

### အသက်(၄၉)နှစ်

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ ဗိုလ်မှူး ကျော်စွာဝင်း( ငြိမ်း)သည် ၁-၆-၂၀၂၂ရက်(အင်္ဂါနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ**
**တေဇ(၂၂)မှ သူငယ်ချင်းများ**

# ဦးစိန်ဝင်း

### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၃၆)နေ ဒေါ်လဲ့လဲ့ဝင်း၏ ခင်ပွန်း၊ ကိုအောင်မင်းထက်-မခင်သန္တာစိုး၊ ကိုနိုင်လင်းအောင်-မနန်းအေးအေးငြိမ်း၊ ကိုဟန်မင်းသစ်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၂၂ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အကွက်အမှတ် (RA-V̲၊ ကွက်ပြင် -၅)၊ ဦးပိုင်အမှတ် (၁၉/၂၂)၊ မြေဧရိယာ ၀ဒသမ၁၁၄ ဧကရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအုန်းမြင့် ၉/မမန(နိုင်) ၀၁၀၀၀၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လက်ရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### အမည်ပြောင်း

ဦးအောင်ကြည်ဝင်း ၈/ပခက(နိုင်) ၀၁၉၇၇၄ ၏ သမီး နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက(၁) Grade-7မှ မဝင်းလဲ့ရွှေရည်အား မအေးအေးသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးအေးသင်း**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၁၉၉၈ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ဟွမ် ၁၃/ကတန(နိုင်)၀၁၄၁၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

# ဒေါ်ကျင်ဝေ

### မန်နေဂျာ၊ ဘဏ္ဍာရေးဌာန

### ဟိုတယ်/ခရီး(ငြိမ်း)

### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် (၅)လမ်း၊ အမှတ် (၃၅)နေ (ဦးဘွန်ကျန်-ဒေါ်စိန်ညို)တို့၏သမီး၊ (ဦးမြဘူး)၏ချစ်လှစွာသောဇနီး၊ Capt. မြတ်သူအောင်-ဒေါ်မြင့်မြင့်ဦး၊ Capt. မိုးသူအောင်-ဒေါ်ခင်မာလာညွန့်တို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်သူ၊ မောင်ချစ်ခန့်သူ၊ မောင်သန့်ရဲရင့်ဟိန်း၊ မအိရှင်းသန့်တို့၏အဘွားသည် ၁-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ် မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးတင်ဦး

### St.Augustin ၊ ထ(၂) ကမာရွတ်ကျောင်းသားဟောင်း

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သံဃတက္ကသိုလ်(၁)လမ်း၊ အမှတ်(၁)နေ ဦးသာအောင်-ဒေါ်သန်းစိန် တို့၏သား၊ (ဦးမောင်မြင့်)၊ ဦးသိန်းဝင်း-ဒေါ်မာလာသော်၏ညီ၊ (ဦးငွေထွန်း)၊ (ဦးတင်ထွေး)၊ ဒေါ်စန္ဒာအောင်တို့၏အစ်ကိုသည် ၃၀-၅-၂၀၂၂ရက်(တနင်္ဂနွေနေ့) ည ၉:၂၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁:၅၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၂၂ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ရတီနှင့်သီလဝ(၂)ရပ်နေ ဒေါ်မဆန်းနှင့် ပြည်သာယာရပ်၊ မိတ္ထီလာမြို့နေ ဒေါ်ထက်ထက်လင်း၊ ဒေါ်အေးအေးသိန်းတို့ (၂၀-၆-၂၀၂၀)ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုစဉ်က ဒေါ်ရတီနှင့်ဒေါ်မ ဆန်းတို့အား ဒေါ်အေးအေးသိန်း ဝယ်ယူပိုင်ဆိုင်သည့် ဦးဝင်းနိုင်အမည်ပေါက် ဦးပိုင်(၂၁၇)၊ ကွင်းအမှတ်(၅၅)၊ သီလဝ(၁)ရပ်ကွက် အတွင်းရှိ ဝိုင်းမြေဂရန်မူရင်းနှင့် ပုံစံ(၁၀၅)မူရင်းအပါအဝင်အိမ်အရောင်းအဝယ် စာချုပ်မူရင်းတို့အားအပ်နှံခဲ့ပြီး စာချုပ်ပါ ကတိပျက်ကွက်ပါက ဒေါ်ရတီနှင့်ဒေါ်မဆန်းမှ စာချုပ်ပါပစ္စည်းများအား ကာလတန်ဖိုးသင့်ကာ ရောင်းချရန်ခွင့်ပြုခဲ့ပါသည်။ ယင်းနောက်ပိုင်းတွင် ဒေါ်ထက်ထက်လင်းနှင့်ဒေါ်အေးအေးသိန်းတို့မှ ဒေါ်ရတီနှင့် ဒေါ်မဆန်းတို့အား လာရောက်တွေ့ဆုံခြင်းမရှိတော့သဖြင့် ဥပဒေနှင့်အညီ အကြောင်းကြားမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့အကြောင်းကြားရာတွင် ဒေါ်အေးအေးသိန်း၏ မိသားစုဝင်ဆိုသူများ ဒေါ်ရတီနှင့် ဒေါ်မဆန်းတို့ထံလာရောက်တွေ့ဆုံစဉ် အထက်ပါပစ္စည်းများကို ကာလတန်ကြေး သတ်မှတ်ကာ ဒေါ်ရတီနှင့်ဒေါ်မဆန်းတို့မှ ရောင်းချ မည်ဖြစ်ကြောင်း အသိပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပြုလုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်တင်ပြဖြေရှင်းပေးရန်နှင့် အဆိုပါပြုလုပ်မှုအပေါ် ကန့်ကွက်လိုသူများရှိပါကလည်း အထောက်အထားအခိုင် အလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရတီ(ဘ)ဦးပေါ်ရ ၉/ရမသ(နိုင်) ၀၆၃၇၇၁ ဒေါ်မဆန်း(ဘ)ဦးပု ၉/ရမသ(နိုင်) ၀၇၄၀၈၇**

# နေပြည်တော်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၂**

၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်ပေးခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားလျက်ရှိပြီး ကျောင်းအပ်နှံမှုများကိုလည်း ဆက်လက်လက်ခံလျက်ရှိကြောင်းသိရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင် တက်ရောက်ရန်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း လာရောက်အပ်နှံသူ အများအပြားရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ကျောင်းဖွင့်ချိန်ကာလအတွင်း ကျောင်းအပ်နှံမှုများ လက်ခံပေးနေခြင်းကြောင့် ဇွန် ၂ ရက်အထိ လာရောက်အပ်နှံရန် စာရင်းပေးထားခြင်းများရှိကြောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က ပြောသည်။

“ကျွန်တော်တို့ကျောင်းအနေနဲ့ ဇွန် ၁ ရက် မှာ ကျောင်းတက်ရာခိုင်နှုန်း ၆၉ ရာခိုင်နှုန်း ရှိပါတယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❑



နေပြည်တော် အထက (၇) မှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သတင်းစဉ်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**နိုင်ငံတော်သို့ အခွန်ပေးဆောင်နေကြသော ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးသွင်းရာတွင် ငွေသား / ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများဖြင့်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ (Mobile Banking, Mobile Payment) ဖြင့်လည်းကောင်း၊ MPU Debit Card အသုံးပြု၍ Online မှလည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number– TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့ကို မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများအပါအဝင် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသောမိမိတို့ဘဏ်ငွေစာရင်း (Bank A/ C)မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် CBM– NET ကို အသုံးပြု၍လည်းကောင်း၊ MPU Debit Card ဖြင့် Online Tax Payment System (https://onlinepayment.ird.gov.mm/etax) ကိုအသုံးပြု၍လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ အခွန်ပေးသွင်းနိုင်ပါသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ▼

# ပုသိမ်- ကံကုန်း- မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတားအား တံတားခံနိုင်ဝန်တန် ၆၀ သို့ အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိ

**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတားသည် မြောင်းမြမြို့နှင့် ပုသိမ်မြို့ကို ဆက်သွယ်ပေးထားသည့် အဓိက တံတားဖြစ်သည်။

မူလပမ္မဝတီတံတား (မြင်းကဆိပ်)ကြိုးတံတားမှာ တံတားခံနိုင်ရည်အား ကျဆင်းလာပြီဖြစ်သည့်အတွက် တံတားအဟောင်းကိုဖြုတ်ပြီး သံကူကွန်ကရစ် ကြမ်းခင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါ တံတားသည် ယခင်က ၃၅ တန်အထိ ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး ယခုအခါ တံတားမှာ ခံနိုင်ရည်အား

*စာမျက်နှာ ၈ ကော်လံ ၅* ❖



ပမ္မဝတီတံတားအား တံတားခံနိုင်ဝန် အဆင့်မြှင့်တင် တည်ဆောက်မှုကို တွေ့ရစဉ်။

## ကလေးမြို့နယ်အတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

*စာမျက်နှာ– ၁၂*

## တရုတ်နိုင်ငံမှာ တစ်အိမ်ထောင် ကလေးသုံးယောက် ယူခွင့်ပြုလိုက်ပြီ

*စာမျက်နှာ– ၁၄*



## ရှေးဟောင်းသမိုင်းဝင် ပုဂံဘုရားအား မီးပုလင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးအား ဖမ်းဆီးရမိ

*စာမျက်နှာ– ၁၈*

## ဘာသာ သာသနာကို အရောင်မဆိုးကြလေနှင့် ...

*စာမျက်နှာ– ၂၂*